# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်တစ်ဖက်ကမ်းသို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ-၈၆)


၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်နေ့ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်၊ စနေနေ့ အတွဲ (၆၁)၊ အမှတ် (၀၇၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၁ ခုနှစ်၊ ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium) အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ Jeng Phang နော်တောင်၊ ဦးစိုင်းလုံးဆိုင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံ


*စာမျက်နှာ ၃ ကော်လံ ၁* ➔




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium) ၌ ရောင်းချရန် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။




# စိတ်ရင်းအမှန်၊ ထက်သန်သောဆန္ဒ

ဒုတိယကမ္ဘာစစ်အပြီး ဗြိတိသျှနယ်ချဲ့လက်အောက်မှ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ လွတ်လပ်ရေးရယူခဲ့ရာတွင် အိန္ဒိယသည် ကိုးကွယ်ရာဘာသာအယူဝါဒကိုလိုက်၍ နိုင်ငံသုံးနိုင်ငံအဖြစ် ခွဲခြားခံလိုက်ရသည်။ အိန္ဒိယ၊ အရှေ့ပါကစ္စတန်နှင့် အနောက်ပါကစ္စတန်ဟူ၍ဖြစ်ပြီး အရှေ့ပါကစ္စတန်သည် နောက်ပိုင်း၌ ဘင်္ဂလားဒေ့ရှ် ဖြစ်လာသည်။ မြန်မာနိုင်ငံကိုလည်း ပြည်မနှင့် တောင်တန်းဒေသများအဖြစ် ခွဲခြားခဲ့ရာတွင် မြန်မာတိုင်းရင်းသားတို့က ခွဲခြားမခံ။ တစ်စည်းတစ်လုံးတည်း လွတ်လပ်ရေး ရယူခဲ့သည်။ သို့ရာတွင် နယ်ချဲ့တို့၏ ပရိယာယ်ကြွယ်ဝလှသော၊ ပညာပါလှသော သွေးခွဲမှုများက တိုင်းရင်းသားတို့အကြားတွင် သံသယနှင့် မယုံသင်္ကာစိတ်တို့ကို တစ်စတစ်စ ကြီးထွားစေခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းမှုကာလမှသည် လွတ်လပ်ရေးရပြီးကာလနှင့် မျက်မှောက်ခေတ်အထိ လက်နက်ကိုင်ပဋိပက္ခတို့ကို ဖြစ်ပေါ်စေခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး လပိုင်းမျှအကြာ ၁၉၄၈ ခုနှစ် မတ်လတွင် ဗမာပြည်ကွန်မြူနစ်ပါတီက ဝါဒရေးအရ အစိုးရကိုဆန့်ကျင်ကာ တောခိုခြင်းဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတို့ စတင်ခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှာမူ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် ဖြစ်ပေါ်လာရသည့် အကျိုးဆက်များဖြစ်သည့် လူမျိုးရေးအရ မယုံသင်္ကာမှု၊ ဖွံ့ဖြိုးတိုးတက်မှု မညီမျှဘဲ နိမ့်ကျခဲ့ရမှုတို့အပေါ်တွင် အခြေခံသည်။ ၎င်းလက်နက်ကိုင်အဖွဲ့အစည်းများက အစိုးရကို ဆန့်ကျင်ခြင်းဖြင့် တပ်မတော်နှင့် ရင်ဆိုင်တိုက်ခိုက်ကြရသည်။ စင်စစ်အားဖြင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်အကျိုးစီးပွားတို့ကို ကာကွယ်ရခြင်းက တပ်မတော်၏ တာဝန်တစ်ရပ်ပင်ဖြစ်သည်။ ခေတ်အဆက်ဆက် အစိုးရများအနေဖြင့်လည်း ပြည်တွင်းငြိမ်းချမ်းရေးအတွက် အားထုတ်ကြိုးပမ်းခဲ့ကြပြီး ငြိမ်းချမ်းရေးရယူခဲ့သည့် အဖွဲ့အစည်းများ ရှိခဲ့သော်လည်း လက်နက်ကိုင်ပဋိပက္ခတို့ ယနေ့တိုင် ချုပ်ငြိမ်းမှု မရှိသေး။

ပါတီစုံဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်သည့်ခေတ်တွင်မူ နိုင်ငံရေးကို လက်နက်ကိုင်တိုက်ခိုက်မည့်အစား စားပွဲဝိုင်းတွင် ဆွေးနွေးကြရန် လမ်းစဖြစ်ပေါ်လာသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တွင် ပါဝင်လက်မှတ်ထိုးကာ စားပွဲဝိုင်းဆွေးနွေးပွဲများမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး စိတ်တူကိုယ်တူ တညီတညွတ်တည်း တည်ဆောက်နိုင်ရန် လမ်းပြမြေပုံလည်း ပေါ်ပေါက်ခဲ့သည်။ NCA သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်သက်သက်မျှသာမဟုတ်ဘဲ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် နက်ရှိုင်းကျယ်ပြန့်သည့် သဘောတရားများ ပါဝင်သည်။ လက်နက်ကိုင်လမ်းစဉ် မစွန့်လွှတ်၊ မချုပ်ငြိမ်းသရွေ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကြိုးပမ်းမှုတို့မှာ ခက်ခဲနေဦးမည်ဖြစ်သလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လူမှုစီးပွားဘဝမြင့်မားရေးတို့သည်လည်း အလှမ်းဝေးနေဦးမည်ဖြစ်သည်။ စည်းလုံးညီညွတ်မှု လျော့နည်းသည်နှင့်အမျှ ပြည်ပစွက်ဖက်မှုများ ပိုမို၍လက်ရဲဇက်ရဲဖြစ်လာကာ ပြည်တွင်းပဋိပက္ခနွံတွင်းမှ ထာဝရ မတက်နိုင်သည့်ဘဝ ကျရောက်သွားမည်ဖြစ်သည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၆ ဖွဲ့တို့ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလားမြို့တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ အလွတ်သဘောတွေ့ဆုံဆွေးနွေးခဲ့ကြခြင်းက တိုင်းရင်းသားပြည်သူတို့၏ မျှော်လင့်ချက်များကို ရှင်သန်စေသကဲ့သို့ အကျိုးဆက်ရလဒ်ကောင်းများ ဆက်လက်ဖော်ဆောင်သွားကြမည်ဟု ယုံကြည်သည်။ ငြိမ်းချမ်းရေးအတွက် စိတ်ရင်းစေတနာမှန်နှင့် ထက်သန်သောဆန္ဒတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ကာ ကမ္ဘည်းမော်ကွန်းရေးထိုးနိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာ စိုးမြင့်အေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>စစ်ကိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) ဒေါက်တာ ရီရီဦး<br>ဒုတိယပါမောက္ခချုပ်<br>တောင်ငူတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကျောက်ဆည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) ဒေါ်နွယ်နီ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ<br>ဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ<br>ဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၄) ဒေါက်တာ သိင်္ဂီမောင်မောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဏုမြူစွမ်းအင်ဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အဏုမြူစွမ်းအင်ဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၅) ဒေါက်တာ နီလာသိန်း<br>ဒုတိယပါမောက္ခချုပ်<br>သတင်းအချက်အလက်<br>နည်းပညာတက္ကသိုလ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(သထုံ)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ<br>ဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

## ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၂၁ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေ တစ်ကေလျှင် ကျပ် တစ်သိန်းနှုန်း ထုတ်ချေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပျဉ်းမနားမြို့နယ်ဘဏ်ခွဲမှ တောင်သူများကို ၂၀၂၁ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ စတင်ထုတ်ချေးပေးလျက်ရှိသည်။

နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံစေရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်ထုတ်လုပ်မှု အထောက်အကူဖြစ်စေရေးအတွက် ၂၀၂၁ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တစ်ကေလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် အတိုးနှုန်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။ ထိုသို့ ထုတ်ချေးရာတွင် ယနေ့ နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် ကျီးအင်းကျေးရွာအုပ်စုရှိ တောင်သူ ကိုးဦးကို စိုက်ပျိုးဧက ၆၅ ဧကအတွက် ငွေကျပ် ၆ ဒသမ ၈၅ သန်း ထုတ်ချေးပေးပြီး ၂၀၂၀ ပြည့်နှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပြေကျေသော တောင်သူလယ်သမားများကို ချေးငွေထုတ်ချေးပေးခြင်းကာလအနေဖြင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ပျဉ်းမနားမြို့နယ်ဘဏ်ခွဲမန်နေဂျာ ဒေါ်ခိုင်ကြည်သာထံမှ သိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၂၁ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စု လေးအုပ်စု ဧက ၁၆၁ ဧက တောင်သူ ဦးရေ ၂၈ ဦးကို ငွေကျပ် ၁၆ ဒသမ ၄၅ သန်း ထုတ်ချေးထားပြီးဖြစ်ကြောင်း နေပြည်တော် တိုင်းဘဏ်ခွဲမန်နေဂျာ ဦးသက်ဦးထံမှ သိရသည်။

**ညီညီသန်း (နေပြည်တော်)**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၇-၁၂-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 2 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 3 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 4 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 5 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 6 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 7 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 8 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti–inflammatory | | | | |
| 9 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 10 | P.O Prednisolone | Box of 10x10 | 2000 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**



အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် ဒီဇင်ဘာ ၁၇ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီတစ်ခုမှ Sars-Cov-2 ၁၉၅၇ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၅၅ မျိုး၊ စုစုပေါင်း ၁၈၄၃၁၀ ဒသမ ၂၀ Kg ၊ နယ်စပ်(ချင်းရွှေဟော်၊ မူဆယ်)တွင် ကုမ္ပဏီသုံးခုတို့မှ Syringe ၁၂၄၆၂ ခု၊ Infusion ၅၅၂၀၊ Scalp Vein Set ၂၄၄၀၊ Mask ၄၉၄၁၃ Kg ၊ Oxygen Concentrator ၂၅ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium) အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုစဉ်။

❍ *ရှေ့ဖုံးမှ*

ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium) အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ပြပွဲ၌ ရောင်းချရန် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့်

*စာမျက်နှာ ၄ သို့*



**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium) ၌ ရောင်းချရန် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium) ၌ ရောင်းချရန် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြစဉ်။

*စာမျက်နှာ ၃ မှ*

ပုလဲအတွဲများကို လိုက်လံကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယနေ့ ပြုလုပ်သည့် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium) တွင်ပုလဲအတွဲပေါင်း ၃၃၀ နှင့်ကျောက်စိမ်းအတွဲပေါင်း ၇၈၀ ကို ပြသသွားမည်ဖြစ်ပြီး ပုလဲအတွဲများကို ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲများကို ၂၀ ရက်မှ ၂၂ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း အသီးသီးရောင်းချပေးသွားမည်ပြီး ပုလဲအတွဲများ နှင့် ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium) ကို ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium) ၌ ရောင်းချရန် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို လိုက်လံကြည့်ရှု စစ်ဆေးစဉ်။**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ မန္တလေးဗဟိုအကျဉ်းထောင်နှင့် ကုန်ထုတ်စခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၇

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးကျော်မြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တွင် မန္တလေးဗဟိုအကျဉ်းထောင် (၂၄) မိုင် ထုံးဘို (ကျား-၁) (ကျား-၂) နှင့် ထုံးဘို(မ) ကုန်ထုတ်စခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိမရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်း မှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးသည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဗဟိုအကျဉ်းထောင်နှင့် ကုန်ထုတ်စခန်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ အချုပ်ထောင်၊ အကျဉ်းထောင်ဆေးရုံ၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သောက်ရေနှင့် သုံးရေကန်များ၊ Quarantine ထားရှိသည့် အဆောင်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိတို့ကို လည်းကောင်း၊ လတ်တလော ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။



ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့သိုင်းအားကစားနည်းကို အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိနိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

မြန်မာ့သိုင်းဒိုင်လူကြီးနှင့်နည်းပြ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multi-purpose Hall ၌ ကျင်းပသည်။



ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြန်မာ့သိုင်းပညာရပ်ကို ပြန့်ပွားတိုးတက်စေရေးနှင့် **"မြန်မာလူမျိုးတိုင်း သိုင်းတတ်ရမည်"** ဟူသောဆောင်ပုဒ်အတိုင်း မြန်မာ့သိုင်းအဖွဲ့ချုပ် အနေဖြင့် အမျိုးသားရေးတာဝန်အဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲများကို ကျင်းပပေးခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ သိုင်းပညာရှင်များအချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေရန်၊ မြန်မာ့သိုင်းပညာရပ်များ နှီးနှောဖလှယ်နိုင်စေရန်၊ မျိုးဆက်သစ် သိုင်းပညာရှင်များ ပေါ်ထွက်လာစေရန်အတွက် ရည်ရွယ်ကြောင်း၊ မြန်မာလူငယ်များ သိုင်းပညာရပ်များကို စိတ်ဝင်တစားလေ့လာလိုက်စားစေခြင်းဖြင့် အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်မည့် ကျန်းမာသန်စွမ်းသူများ ဖြစ်လာစေရန်နှင့် မြန်မာ့သိုင်း ဗန်တို/ဗန်ရှည်ပညာရပ်များ နိုင်ငံတကာသို့ ပျံ့နှံ့ရောက်ရှိစေရေးအတွက် အထောက်အကူဖြစ်စေရန်အတွက် ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း။

မြန်မာ့သိုင်းအားကစားနည်းကို အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ SEA Games များတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိနိုင်ရန်အတွက် အဖွဲ့ချုပ်များအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ SEA Games များတွင် ဗီယက်နမ်နိုင်ငံအနေဖြင့် ဗိုဗီနမ် အားကစားနည်း၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ပန်ကြပ်ဆီလပ် အားကစားနည်း၊ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အားနစ် အားကစားနည်းများ ထည့်သွင်းကျင်းပနိုင်ရန်အတွက် အားထည့်ဆောင်ရွက်ခဲ့ကြကြောင်း၊ မြန်မာ့သိုင်းအဖွဲ့ချုပ်အနေဖြင့် မြန်မာ့သိုင်းအားကစားနည်းအား ထည့်သွင်းကျင်းပခွင့်ရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက သင်တန်းသားများကိုယ်စား သင်တန်းသား သင်တန်းသူ နှစ်ဦးကိုသင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းနည်းပြများကိုယ်စား မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ ဒိုင်ချုပ်ဆရာကြီး ဦးစိန်ဝင်းကို ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူလူထု၏ ကျန်းမာရေး

ပြည်ပမှ ဆေးဝါးများတင်သွင်းမှုနှင့် ပတ်သက်၍ ပြည်သူလူထု၏ကျန်းမာရေးအတွက် တင်သွင်းနေရခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ဆေးဝါးသုံးစွဲမှုလျှော့ချနိုင်ရေး ကျန်းမာရေးကောင်းမွန်ရန်လိုအပ်ပြီး ကျန်းမာရေးနှင့် လျော်ညီသည့် နေထိုင်စားသောက်မှုများနှင့် ကိုယ်လက်လှုပ်ရှားမှုများရှိရန်လိုကြောင်း၊ အချို့သောပြည်သူများမှာ ပြည်ပနိုင်ငံများသို့ သွားရောက်၍ ကျန်းမာရေးကုသမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်ကုသခြင်းဖြင့် ငွေကုန်ကြေးကျများရှိသကဲ့သို့ အခြားအခက်အခဲများလည်း များစွာရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၃-၁၂-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

❈ *ကျော်ဖုံးမှ*

အစည်းအဝေးသို့ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏ မောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယ ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တာဝန်ရှိ ဖိတ်ကြားထားသူများက ဗီဒီယို ကွန်ဖရင့်ဖြင့် တက်ရောက်ကြ သည်။

**အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူး ကြီး စိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အောင်မြင်စွာ ကျင်းပနိုင်ရေး ပထမအကြိမ်နှင့် ဒုတိယအကြိမ် ညှိနှိုင်းအစည်း အဝေးများ၌ ဆပ်ကော်မတီ အလိုက် အသေးစိတ် ဆွေးနွေး ဆောင်ရွက်ကြပြီး ဖြစ်ကြောင်း၊ ယခုတတိယအကြိမ် ညှိနှိုင်း အစည်းအဝေးတွင် ဆပ်ကော်မတီ အလိုက်ပေးအပ်ထားသည့်လုပ်ငန်း တာဝန်များနှင့် စပ်လျဉ်း၍ နောက်ဆုံး ဆောင်ရွက်ပြီးစီးမှု များ၊ ဆောင်ရွက်ရန်ကျန်ရှိမှုများ နှင့် ထပ်မံဖြည့်ဆည်းဆောင်ရွက် ပေးရမည့်ကိစ္စရပ်များကို ဆွေးနွေး ကြစေလိုကြောင်း ပြောကြား သည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် နိုင်ငံတော်အလံ တင်နှင့် နိုင်ငံတော်အလံအလေး ပြုပွဲ စစ်ရေးပြဆပ်ကော်မတီ၊ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး၊ ပြင်ဆင် ရေးနှင့် ဖိတ်ကြားရေးဆပ်ကော် မတီ၊ လွတ်လပ်ရေးနေ့ညှိခံပွဲနှင့် ညစာစားပွဲကျင်းပရေး ဆပ်ကော် မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက် ရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ် ကော်မတီ၊ ပြန်ကြားရေးဆပ် ကော်မတီ၊ လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေး ဆပ်ကော် မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အားကစားပြိုင်ပွဲများ ကျင်းပရေး ဆပ်ကော်မတီနှင့် စာရင်းစစ်ဆေး ရေးဆပ်ကော်မတီများမှ ကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကော်မတီများအလိုက် စီမံဆောင် ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး တင်ပြချက်များအပေါ် (၇၄) နှစ် မြောက် လွတ်လပ်ရေးနေ့ကျင်းပ ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌက ဖြည့်စွက်မှာကြား သည်။

**ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်**

ထို့နောက် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံး ချုပ်အမှာစကားပြောကြားရာတွင် ၂၀၂၂ ခုနှစ်၊ နှစ်သစ်ကာလတွင် ပထမဆုံးအကြိမ် ကျင်းပမည့် နိုင်ငံတော်အဆင့် အခမ်းအနား ဖြစ်သည့်အတွက် နိုင်ငံတော် အဆင့်နှင့်လျော်ညီစွာ မင်္ဂလာရှိ သည့်အခမ်းအနားဖြစ်ရန် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ် ကြောင်း၊ နှစ်သစ်ကာလကို စိတ်သစ်လူသစ်ဖြင့် ကြိုဆိုရင်း လွတ်လပ်ရေးအချုပ်အခြာအာဏာ ကို တန်ဖိုးထားလေးစားထက်သန် သည့်စိတ်၊ မိမိတို့၏ အချုပ်အခြာ အာဏာကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းနိုင်စေမည့် စိတ်ဓာတ် များ ထက်သန်ကိန်းဝပ်နေစေရန် ဆောင်ရွက် ပေးကြရမည်ဖြစ် ကြောင်း မှာကြားပြီး အစည်း အဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခြောက်ဖွဲ့တို့ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလားမြို့တွင် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၇

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီနှင့် NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခြောက်ဖွဲ့တို့သည် ဒီဇင်ဘာ ၁၅ရက် နှင့် ၁၆ ရက်တို့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလားမြို့၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များနှင့် ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာများနှင့်စပ်လျဉ်း၍ အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့ကြ သည်။ (ယာပုံ)**



တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုး သား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်း ရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ကော်မတီဝင်များ၊ ငြိမ်းချမ်းရေး အကျိုးဆောင်နှင့် တြိဂံဒေသတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ တိုင်းရင်းသား လက်နက်ကိုင်များ ဘက်မှ ‘ဝ’ ပြည်သွေးစည်း ညီညွတ်ရေးပါတီ (UWSA)၊ အမျိုး သားဒီမိုကရေစီမဟာမိတ်တပ်ဖွဲ့ (NDAA)၊ မြန်မာအမျိုးသား ဒီမို ကရက်တစ်မဟာမိတ်တပ်မတော် (MNDAA)၊ ရခိုင်အမျိုးသားအဖွဲ့ ချုပ် (ULA/AA)၊ တအာင်းအမျိုး သားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ ရှမ်းပြည်တိုးတက်ရေး ပါတီ (SSPP/SSA)တို့မှ ကိုယ်စား လှယ်များ တက်ရောက်ခဲ့ကြ သည်။

တွေ့ဆုံ ဆွေးနွေးရာတွင် ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က NCA လက်မှတ်ရေးထိုးခြင်း မပြုရသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ခြောက်ဖွဲ့တို့ နှင့် လာရောက်တွေ့ဆုံရသည့် ရည်ရွယ်ချက်နှင့် ငြိမ်းချမ်းရေး ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်း ဆွေးနွေးပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ခြောက်ဖွဲ့မှ တစ်ဖွဲ့ချင်းစီ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာ အမြင်သဘော ထားများ၊ ဆက်လက်လုပ်ဆောင် သင့်သည့် အကြံပြုချက်များ၊ ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုး နှံရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြ သည်။

ဆွေးနွေးချက်များ အပေါ် ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်နားခဲ့ သည်။

ဆက်လက်၍ ညှိနှိုင်းရေး ကော်မတီသည် တက်ရောက်လာ ကြသော တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များမှ တစ်ဖွဲ့ချင်းစီကို လည်းကောင်း၊ NDAA မိုင်းလား အဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းလင်းနှင့် အဖွဲ့ ဝင်များကိုလည်းကောင်း သီးခြား စီ တွေ့ဆုံပြီး လက်နက်ကိုင် ပဋိပက္ခများ လျှော့ချနိုင်ရေး၊ ဆက်လက် ဆောင်ရွက်ကြမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များ၊ နှစ်ဖက်ယုံကြည်မှု တည်ဆောက်ရေးဆိုင်ရာ ကိစ္စ ရပ်များ၊ ကျန်းမာရေးနှင့် ဒေသ ဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ နှင့် နယ်စပ်တည်ငြိမ်အေးချမ်း ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့ကြ သည်။

ယင်းနောက် ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌက တက်ရောက် လာကြသူများအား တပ်မတော် ထုတ် စားသောက်ဖွယ်ရာများ လက်ဆောင် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၄၇)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် လူထုအခြေပြုဗဟိုဌာန(သံတွဲ) အဆောက်အအုံသစ်ဖွင့်လှစ်

## လူထုအခြေပြု ဗဟိုဌာနများသည် လူငယ်များတွေ့ဆုံရန် အသင့်တော်ဆုံးနေရာဖြစ် အနာဂတ်တွင် လူငယ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်သည့် နေရာတစ်ခုဖြစ်လာမည်ဟု ယုံကြည်

သံတွဲ ဒီဇင်ဘာ ၁၇

(၄၇)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက သံတွဲမြို့၌ တည်ဆောက်ပြီးစီးခဲ့သည့် လူထုအခြေပြု ဗဟိုဌာန (Community Centre) အဆောက်အအုံသစ် ဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့ နံနက်၁၀ နာရီတွင် အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသော မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ကြသည်။



အခမ်းအနားတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရခိုင်ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးတင်လှနှင့် မြို့မိ မြို့ဖ ဦးဖိုးရီအောင်တို့က လူထုအခြေပြု ဗဟိုဌာန အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီးစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အောက်ပုံ)**

### လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် လူထုအခြေပြု ဗဟိုဌာနအတွင်း ခင်းကျင်းပြသထားရှိသည့် ပြတိုက်ငယ်မှ ရခိုင်ပြည်နယ်အတွင်းရှိ ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ၊ ရိုးရာပွဲတော်များ၊ မြောက်ဦးရှေးဟောင်း ယဉ်ကျေးမှုနယ်မြေနှင့် အထင်ကရ ဘုရားစေတီပုထိုးများ အပါအဝင် သာယာလှပသော ရှုခင်းနှင့် ကမ်းခြေများ၏ မှတ်တမ်းဓာတ်ပုံများ၊ ရခိုင်ပြည်နယ်၏ ဒေသထွက်ကုန်များ၊ ရိုးရာယဉ်ကျေးမှု အနုပညာ လက်ရာများအား ခင်းကျင်းပြသထားသည့် ပြတိုက်ငယ်ကို လည်းကောင်း၊ ကလေးစာဖတ်ခန်း၊ ကလေးကစားခန်း၊ အနုပညာခန်းနှင့် ပြည်သူ့စာကြည့်တိုက်၊ ကွန်ပျူတာသင်တန်းခန်းမ၊ အားကစားခန်းမ၊ ဆွေးနွေးပွဲခန်းမနှင့် ဘက်စုံသုံးခန်းမတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က သံတွဲခရိုင်၊ လူထုအခြေပြု ဗဟိုဌာနသည် ရခိုင်ပြည်နယ်တွင် ပထမဆုံး ဖွင့်လှစ်နိုင်ခဲ့သည့် လူထုအခြေပြု ဗဟိုဌာနဖြစ်၍ များစွာ ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ ရခိုင်ပြည်နယ်နေ့ အချိန်အခါသမယတွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့်လည်း ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုဖွင့်လှစ်ခဲ့ခြင်းဟု ဆိုနိုင်ပါကြောင်း။

ဒေသတစ်ခုတွင် ပြည်သူများ စုပေါင်းတွေ့ဆုံရာ၊ ဆွေးနွေးဖလှယ်ရာ၊ နီးနှောတိုင်ပင်ရာစသည့် ရပ်ရွာအကျိုး၊ တိုင်းပြည်အကျိုး ဆောင်ရွက်မှုများအတွက် လူထုအခြေပြု ဗဟိုဌာနများသည် မရှိမဖြစ် လိုအပ်ပါကြောင်း၊ သံတွဲခရိုင်၊ လူထုအခြေပြုဗဟိုဌာနတွင် ဆွေးနွေးပွဲခန်းမ၊ ဘက်စုံသုံးခန်းမများ ပါဝင်သဖြင့် လူကြီး/လူငယ်မရွေး ရပ်ရွာအကျိုး၊ ဒေသအကျိုးအတွက် စုပေါင်းတိုင်ပင်ဆွေးနွေးနိုင်သလို ကွန်ပျူတာသင်တန်းခန်းမနှင့် အနုပညာခန်းမများ ပါဝင်သဖြင့် လူငယ်များအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် နည်းပညာဆိုင်ရာ သင်တန်းများ၊ ဘာသာစကား သင်တန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ၊ အနုပညာသင်တန်းများ ဖွင့်လှစ်နိုင်မည်ဖြစ်ပြီး သင်ကြားတတ်မြောက်သည့် အသိပညာ၊ အတတ်ပညာများဖြင့် မိမိဒေသ အကျိုးစီးပွားကို ပြန်လည်ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ သံတွဲဒေသခံပြည်သူများနှင့် မြို့မိမြို့ဖများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ စေတနာနှင့် ဝန်ကြီးဌာန၏ ဆောင်ရွက်ပေးမှုအပေါ် သိရှိပြီး ပူးပေါင်းပါဝင်ကြစေလိုပါကြောင်း ပြောကြားသည်။

### ပြုပြင်ပြောင်းလဲဆောင်ရွက်ပေး

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အဓိကလုပ်ငန်း တာဝန်ကြီးသုံးရပ်ဖြစ်သည့် သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ အသိပညာပေးခြင်းနှင့် ဖျော်ဖြေပေးခြင်းဟူသည့် လုပ်ငန်းများကို ခေတ်မီသစ်လွင်သော အစီအစဉ်များဖြင့် ပြုပြင်ပြောင်းလဲ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ပြည်သူ့စာကြည့်တိုက်များ ဖွင့်လှစ်၍ ပြည်သူများ သတင်းအချက်အလက် ရရှိနိုင်ရန်နှင့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူ့စာကြည့်တိုက်များကို ပြည်သူများ အသိပညာရှာမှီးရာနေရာ၊ သတင်းအချက်အလက် ရှာဖွေရာနေရာ၊ တိုင်းကျိုး ပြည်ကျိုး၊ ရပ်ကျိုးရွာကျိုးများ ဆွေးနွေးတိုင်ပင်ရာနေရာ၊ ပြည်သူများ အပန်းဖြေရာနေရာများဖြစ်အောင် လူထုအခြေပြု ဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### ပေါင်းကူးတံတားတစ်ခု

သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာနအဆောက်အအုံကို နိုင်ငံတော်ဘဏ္ဍာငွေကျပ် ၄၆၄ သန်းကျော်ဖြင့် တည်ဆောက်ပေးခဲ့ပြီး ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ငွေကျပ်သိန်း ၂၂၀ တန်ဖိုးရှိ ပစ္စည်းများ ဖြည့်ဆည်းလှူဒါန်းပေးခဲ့သည့်အတွက် ယခုကဲ့သို့ ခမ်းနားစွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ လူထုအခြေပြု ဗဟိုဌာနများသည် လူငယ်များ တွေ့ဆုံရန် အသင့်တော်ဆုံးနေရာ ဖြစ်ပြီး လူငယ် Network ကျယ်ပြန့်လာသည်နှင့်အမျှ စုစည်းညီညွတ်မှုနှင့် စုပေါင်းဆောင်ရွက်မှု အားကောင်းကာ အနာဂတ်တွင် လူငယ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်သည့် နေရာတစ်ခု ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် ကောင်းမွန်သည့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများကြား ပေါင်းကူးတံတား တစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။




### ကျေးဇူးတင်စကားပြောကြား

ထို့နောက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးတင်လှက အမှာစကားပြောကြားပြီး သံတွဲမြို့ မြို့မိမြို့ဖ ဦးထွန်းသန့်ကျော်က ကျေးဇူး တင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက သံတွဲမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် MRTV DVB-T2 Set Top Box အလုံး ၅၀၀ ကို ပေးအပ်လှူဒါန်းရာ သံတွဲခရိုင်

*စာမျက်နှာ ၇ သို့*



*စာမျက်နှာ ၆ မှ*

ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်းက လက်ခံရယူပြီး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က သံတွဲခရိုင် ပြည်သူ့စာကြည့်တိုက်အတွက် ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သံတွဲခရိုင် ဦးစီးမှူးက လက်ခံရယူသည်။

**အခမဲ့အသုံးပြုနိုင်**

ယခုဖွင့်လှစ်သည့် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံသည် နိုင်ငံတော်ငွေဖြင့် တည်ဆောက်သည့် ဒုတိယမြောက် အဆောက်အအုံ ဖြစ်ပြီး ပြတိုက်ငယ်၊ ကလေးစာဖတ်ခန်း၊ ကလေးကစားခန်း၊ အနုပညာခန်း၊ ပြည်သူ့စာကြည့်တိုက်၊ ကွန်ပျူတာသင်တန်းခန်းမ၊ အစည်းအဝေးခန်းမ၊ အားကစားခန်းမနှင့် ဘက်စုံသုံးခန်းမများ ပါဝင်ကာ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အခမဲ့အသုံးပြုနိုင်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် သံတွဲမြို့ သာသနာ့ဗိမာန်၌ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်အား သွားရောက်ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သံတွဲမြို့ရှိ ဆံတော်၊ အံတော်၊ နံတော်စေတီတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး သံတွဲမြို့ရှိ ရွှေဝတီရခိုင်လုံချည်နှင့် ဝါးစားပွဲခင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သံတွဲမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွက် MRTV DVB-T2 Set Top Box အလုံး ၅၀၀ ပေးအပ်လှူဒါန်းစဉ်။

# ဆရာ ဆရာမများအနေဖြင့် စာတတ်ရန် တစ်ခုတည်းသာ အဓိကမထားဘဲ စာကြိုးစား၍ လိမ္မာရေးခြားရှိသူများဖြစ်ရန် သင်ကြားလေ့ကျင့်

စစ်တွေ ဒီဇင်ဘာ ၁၇

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် သံတွဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။** (ယာပုံ)



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ဆောင်များ၊ စာကြည့်တိုက်နှင့် သိပ္ပံခန်းများသို့ သွားရောက်ကြည့်ရှုပြီး လက်တွေ့ခန်းသုံးပစ္စည်းများနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် အဆိုပါကျောင်းခန်းမ၌ သံတွဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပညာရေး ဝန်ထမ်းများအနေဖြင့် လုပ်ဖော်ကိုင်ဖက် အချင်းချင်းဆက်ဆံရာတွင် လည်းကောင်း၊ ကျောင်းသား ကျောင်းသူများအား စာသင်ကြားရာတွင်လည်းကောင်း ခွဲခြားဆက်ဆံခြင်းမပြုဘဲ မေတ္တာရှေ့ထား၍ ဆောင်ရွက်ကြစေလိုပါကြောင်း၊ ကျန်းမာရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကပ်ရောဂါအန္တရာယ်ကင်းဝေးရေး လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်၍ သင်ကြားသင်ယူကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် စာတတ်ရန် တစ်ခုတည်းသာ အဓိကမထားဘဲ စာကြိုးစား၍ လိမ္မာရေးခြားရှိသူများဖြစ်ရန် သင်ကြား လေ့ကျင့်စေလိုပါကြောင်း၊ ကျောင်းသားကျောင်းသူများ၏ စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေး၍ နိုင်ငံတော်ကအားထားရသည့် ပညာတတ်လူငယ်များဖြစ်ရန် ပြုစုပျိုးထောင်မွေးထုတ်ပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းများအတွက် လိုအပ်သည့် ရေသန့်စက်၊ ရေစင်များ၊ လျှပ်စစ်မီးမရှိသည့် ကျောင်းများအတွက် ဆိုလာစနစ်သုံးရေတင်စက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကန့်ကြီးထောင့်မြို့နယ် ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၅၀၀ ကျော် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်မီးရရှိ

**ကန့်ကြီးထောင့် ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ် ရေတွင်းကုန်းကြီးကျေးရွာနှင့် ကျိုက်လတ်ကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာများ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်တာဝန်ရှိသူများသည် ရေတွင်းကုန်းကြီးကျေးရွာ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ကျိုက်လတ်ကျေးရွာ လျှပ်စစ်မီးလင်းရေး အခမ်းအနားကို ဆက်လက်ဖွင့်လှစ်ပေးသည်။

အဆိုပါ မီးလင်းရေးလုပ်ငန်းများတွင် ရေတွင်းကုန်းကြီးကျေးရွာရှိ အိမ်ခြေ ၂၅၄ အိမ် လျှပ်စစ်မီး ရရှိရေးအတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် 200 KVA ထရန်စဖော်မာတစ်လုံးနှင့် ကျိုက်လတ်ကျေးရွာရှိ အိမ်ခြေ ၃၀၅ အိမ်အတွက် တိုင်းဒေသကြီးရန်ပုံငွေဖြင့် 200 KVA ထရန်စဖော်မာနှစ်လုံးတို့ကို တပ်ဆင်ပေးထားကြောင်း သိရသည်။

ယခုအခါ အဆိုပါကျေးရွာများရှိ ပြည်သူများအနေဖြင့် ၂၄ နာရီပတ်လုံး လျှပ်စစ်မီးများ စတင်အသုံးပြုနိုင်ပြီဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လျှပ်စစ်မီးရရှိသည့် နေအိမ်များမှ မိသားစုဝင်များနှင့် သွားရောက်တွေ့ဆုံသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေတွင်းကုန်းကြီးကျေးရွာနှင့် ကျိုက်လတ်ကျေးရွာ အခြေခံပညာကျောင်းများသို့ သွားရောက်၍ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကိုကြည့်ရှုပြီး ကျောင်းသုံးပစ္စည်းများနှင့် ကျန်းမာရေးသုံးပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများ ပြပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများ ပြပွဲကို ကိုဗစ်-၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။



**၉၆ ပွဲမြောက်ဖြစ်**

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်က စတင်ကျင်းပခဲ့ပြီး နိုင်ငံခြားငွေဖြင့် ရောင်းချသည့် ပြပွဲ ၉၅ ပွဲ၊ မြန်မာကျပ်ငွေဖြင့် ရောင်းချသည့် ပြပွဲ ၁၉ ပွဲ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် ယခုကျင်းပသည့် ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများ ပြပွဲသည် နိုင်ငံခြားငွေဖြင့် ရောင်းချသည့် ၉၆ ပွဲမြောက်ဖြစ်ကြောင်း သိရသည်။

ပြပွဲပထမနေ့တွင် ပြည်တွင်း/ ပြည်ပ ရတနာကုန်သည်များသည် နံနက် ၉ နာရီမှစတင်၍ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်၌ သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲ များကို စိတ်ကြိုက်ကြည့်ရှုလေ့လာကြသည်။

ယခုပြပွဲတွင်ရောင်းချမည့် ပုလဲအတွဲများအတွက် အနိမ့်ဆုံး အခြေခံဈေးမှာ အမေရိကန်ဒေါ်လာ တစ်ထောင်ဖြစ်ပြီး ကျောက်စိမ်းအတွဲ များအတွက် သတ်မှတ်ထားသည့် အနိမ့်ဆုံးအခြေခံဈေးမှာ ယူရိုငွေ ငါးထောင်ဖြစ်ကြောင်း၊ ပုလဲအတွဲများကို ဒီဇင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲများကို ဒီဇင်ဘာ ၁၇ ရက်မှ ၁၉ ရက်နေ့အထိ ခင်းကျင်းပြသသွားမည်ဖြစ်ကာ ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း/ ပြည်ပ ရတနာကုန်သည်များကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲပထမနေ့တွင်လာရောက်လေ့လာကြသည့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

တရားရင်ဆိုင်နေရသူက ကုလသမဂ္ဂတွင် မမှန်မကန် ကိုယ်စားပြုနေခြင်းကြောင့်ဖြစ်သည်။ ၎င်း၏ နိုင်ငံတော်အပေါ် သစ္စာဖောက်သော လုပ်ရပ်သည် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေသည်။

လူ့အခွင့်အရေးကိစ္စရပ်များကို စဉ်းစားသုံးသပ်ရာတွင် နိုင်ငံအားလုံး တစ်ပြေးညီကျင့်သုံးရေး၊ သမာသမတ်ကျရေး၊ နိုင်ငံတစ်နိုင်ငံတည်းကို ရွေးချယ်ပစ်မှတ်မထားရေး စသည့်ကုလသမဂ္ဂအခြေခံမူများကို ဆန့်ကျင်၍ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်ချမှတ်သည့် ဆုံးဖြတ်ချက်အဆိုများကို မြန်မာနိုင်ငံက အစဉ်တစိုက်ဆန့်ကျင်သည်။ ယင်းကဲ့သို့ ဆုံးဖြတ်ချက်အဆိုများကိုရေးဆွဲပြီး ဆွေးနွေးပွဲများ ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် ချို့ယွင်းမှုများရှိကြောင်း တွေ့ရှိရသည်။ ယခုဆုံးဖြတ်ချက်အဆိုတွင် မြန်မာနိုင်ငံ၏ ဥပဒေနှင့် သမိုင်းကြောင်း၌ မည်သည့်အခါကမျှ မရှိခဲ့ဘဲ ပြည်သူများက အသိအမှတ်မပြုသည့် "ရိုဟင်ဂျာ" ဆိုသော အသုံးအနှုန်းအပါအဝင် လိုရာပုံသွင်း၍ မှားယွင်းသည့် အကြောင်းအရာများနှင့် ပြည့်နှက်နေသည်မှာ လက်မခံနိုင်ဖွယ်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံက ယင်းဆုံးဖြတ်ချက်အဆိုကို ပြင်းထန်စွာ ကန့်ကွက်ပယ်ချလိုက်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်။**

❂ *ကျောဖုံးမှ*

မျိုးရိုးဗီဇအစီအစဉ်လေ့လာခြင်းလုပ်ငန်း (Genome Sequencing)" ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါလုပ်ငန်းစဉ်အရ ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပြန်လည်ရောက်ရှိလာသူများအနက် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများနှင့် မျိုးရိုးဗီဇပြောင်းရောဂါပိုး တွေ့ရှိနိုင်ခြေများပြားသည့် အုပ်စုများရှိ ဓာတ်ခွဲနမူနာ ၁၂ ခုအား ရယူ၍ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနတွင် စစ်ဆေးခဲ့ရာ အိုမီခရွန်ပိုး (Omicron) မတွေ့ရှိရဘဲ မြန်မာနိုင်ငံတွင် တွေ့ရှိပြီးဖြစ်သည့် ဒယ်လ်တာ(Delta) ပိုးတွေ့ရှိသူ ၁၂ ဦးကိုသာ တွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# သာစည်မြို့နယ်နှင့် နွားထိုးကြီးမြို့နယ်တို့တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် Stay at home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၅၃၅/၂၀၂၁**
**၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်**
**(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)**

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ သက်ဆိုင်ရာမြို့နယ်များမှ ရောဂါကူးစက်မှုများပြားသော မြို့နယ်များအတွင်းရှိ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း အမိန့်များထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် သက်ဆိုင်ရာမြို့နယ်များအတွင်း နေထိုင်သည့်ပြည်သူများအနေဖြင့် COVID–19 ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များကို တိကျစွာလိုက်နာသဖြင့် လွန်ခဲ့သော (၁၄)ရက်အတွင်း COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိရမှု လျော့နည်းလာခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာများမှာလည်း တစ်ဦးမှတစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှု လျော့နည်းလာခြင်း၊ Stay at home အစီအစဉ်ဆောင်ရွက်စဉ်ကာလအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထားဆောင်ရွက်ခဲ့ခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ဆက်စပ်ခဲ့သူအားလုံးကို ရှာဖွေဖော်ထုတ်၍ ဓာတ်ခွဲနမူနာရယူ စစ်ဆေးရာတွင်လည်း လွန်ခဲ့သော (၁၄) ရက်အတွင်း ထပ်မံတွေ့ရှိရမှု လျော့နည်းလာခြင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ နီးနွယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ပိုးတွေ့လူနာများ လျော့နည်းလာကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များမှ နေထိုင်သော ပြည်သူများအနေဖြင့် ၁၈-၁၂-၂၀၂၁ ရက်၊ နံနက် (၄) နာရီအချိန်မှစ၍ မိမိနေအိမ်တွင် နေထိုင်ရန် Stay at home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်-

(က) သာစည်မြို့နယ်၊

(ခ) နွားထိုးကြီးမြို့နယ်။

၄။ အထက်ပါမြို့နယ်များအား Stay at home အစီအစဉ်မှ ပယ်ဖျက်ပြီးနောက်တွင်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာကြရမည်ဖြစ်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

# ပြည်တွင်းအတွက် လိုအပ်သော စက်သုံးဆီ၊ စက်ဆီချောဆီများကို ဖြည့်ဆည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စွမ်းအင်ကဏ္ဍဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး သာကေတကမ်းလွန်အခြေစိုက်စခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

အစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) စက်ရုံမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူးများနှင့်အထွေထွေမန်နေဂျာများ တက်ရောက်ကြသည်။

ရှေးဦးစွာ သန်လျင်ရေနံချက်စက်ရုံနှင့် စက်ဆီချောဆီစက်ရုံတို့ကို ပြန်လည်လည်ပတ်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲမှ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ပြီးစီးမှုနှင့်ပတ်သက်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အမှတ် (၁) ရေနံချက်စက်ရုံ (သန်လျင်) စက်ရုံမှူးတို့က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းအတွက် လိုအပ်သော စက်သုံးဆီ၊ စက်ဆီချောဆီများကို ဖြည့်ဆည်းနိုင်ရေး နည်းလမ်းပေါင်းစုံ စဉ်းစား၍ ကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် စက်ရုံပြင်ဆင်လည်ပတ်၍ ပြည်တွင်း၌ လိုအပ်သော ကတ္တရာများ ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ရန်လိုအပ်သဖြင့် စိတ်ဝင်စားသော အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော်ကြရန်ဖြစ်ကြောင်း၊ စက်ဆီချောဆီစက်ရုံမှ Mono Grade ချောဆီများ အမြန်ထုတ်လုပ်၍ လိုအပ်လျက်ရှိနေသော ဝန်ကြီးဌာနများသို့ အမြန်ဆုံး ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထို့ပြင် Multi Grade ထုတ်လုပ်နိုင်ရေး စက်ပစ္စည်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းနှင့် နည်းပညာလိုအပ်ချက်များကို စဉ်းစားထားပြီး စီမံချက်ကို အမြန်ပြုစုတင်ပြရန်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သည့်အပြင် ပြင်ပပုဂ္ဂလိက ဝယ်ယူသူများ အရည်အသွေးနှင့် သင့်တော်သည့် ဈေးနှုန်းကို ကြိုက်နှစ်သက်ပြီး ဝယ်ယူအားပေးလာကြစေရန် ထုတ်ပိုးမှုစနစ်နှင့် ဝန်ဆောင်မှုစနစ်တို့ကို ပြောင်းလဲကာ Business ပုံစံအသစ်ဖြင့် တီထွင်ဆန်းသစ်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) စက်ရုံဝင်းအတွင်းရှိ ပေါ်တူဂီဘုရားကျောင်း၊ ရုံးအဆောက်အအုံ၊ ဧည့်ရိပ်သာနှင့် အရာထမ်းအိမ်ရာတို့သည် သမိုင်းဝင်အဆောက်အအုံများ ဖြစ်သဖြင့် ရှေးမူမပျက် ပြင်ဆင်မွမ်းမံခြင်း၊ ဆေးသုတ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ထိန်းသိမ်းပြုပြင်မှုနှင့် ပုံမှန်သန့်ရှင်းသာယာရေးကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်း မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း လက်အောက်ရှိ သာကေတကမ်းလွန်အခြေစိုက်စခန်းအတွင်း ဆိပ်ကမ်း၊ ရုံးအဆောက်အအုံ၊ ပစ္စည်းစုပုံစခန်း၊ သဘော်ကျင်းများ ပြုပြင်မွမ်းမံမှုများနှင့် လုံခြုံရေးတာဝန်သိမှု လုပ်ငန်းဆောင်ရွက်မှုကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းသုံးရေယာဉ်များ သတ်မှတ်စည်းကမ်းချက်နှင့် ကိုက်ညီအောင် ပြုပြင်မွမ်းမံရေး၊ ပစ္စည်းစုပုံစခန်းများနှင့် ဂိုဒေါင်များအား အဆင့်မြှင့်တင်ရေး၊ ဌာန၏ လုံခြုံရေးတာဝန်သိမှု ဆောင်ရွက်မှုများကို သက်ဆိုင်ရာဒေသနေ ပြည်သူများသိရှိပြီး ထိရောက်စွာ အသုံးပြုရေး၊ ပစ္စည်းများ စနစ်တကျထိန်းသိမ်း သိုလှောင်ရေးနှင့် မီးဘေးအန္တရာယ်ဂရုပြုရေးတို့ကို မှာကြားပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုနှင့် ကမ်းလွန်အခြေစိုက်စခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စွယ်စုံရအနုပညာရှင် ပြည်သူချစ် စည်သူဒေါက်တာဗိုလ်ကလေးတင့်အောင် ကွယ်လွန်

နေပြည်တော် ဒီဇင်ဘာ ၁၇



သဘင်၊ ရုပ်ရှင်၊ ဂီတ၊ ပြဇာတ်ဒါရိုက်တာနှင့် စာပေနယ်ပယ်ကဏ္ဍအသီးသီးတွင် လူသိများထင်ရှားအောင်မြင်ခဲ့သော ပြည်သူချစ်အနုပညာရှင်ကြီး စည်သူဒေါက်တာ ဗိုလ်ကလေးတင့်အောင်သည် ကွယ်လွန် အနိစ္စရောက်ခဲ့ပြီဖြစ်သည်။ ဆရာကြီး ဗိုလ်ကလေးတင့်အောင်၏ ဘဝတစေ့တစောင်း ပြန်ပြောင်းတင်ပြရလျှင် လွတ်လပ်ရေးကြိုးပမ်းမှု ကာလမှစတင်ရမည်ဖြစ်ပါသည်။

## လွတ်လပ်ရေးကြိုးပမ်းမှု

ဆရာကြီးဗိုလ်ကလေးတင့်အောင်သည် ၁၉၃၈ ခုနှစ် (၁၃၀၀ ပြည့် အရေးတော်ပုံ) ကျောင်းသားသပိတ်မှောက်ရာမှ ကျောင်းပြန်မတက်တော့ဘဲ တစ်ခါတည်းကျောင်းထွက်၍ အင်္ဂလိပ်-မြန်မာ အဌမတန်းအထိသာ ပညာသင်ကြားခဲ့သည်။ ထိုမှတဖန် ရဲတပ်၊ ဗမာ့လက်ရုံးတပ်၊ သံမဏိတပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ကာ ၁၉၄၀-၁၉၄၁ ခုနှစ်တွင် နယ်ချဲ့အား တော်လှန်ရန် ဖွဲ့စည်းရာ၌ ပါဝင်ခဲ့၏။ ၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေတပ်) ဖွဲ့စည်းရာတွင် ဗိုလ်အောင်မြတ်၊ ဗိုလ်စံရှား၊ ဗိုလ်သန်းတို့နှင့်အတူ ပါဝင်ထမ်းရွက်ခဲ့ပြီး ဘီအိုင်အေတပ် ဖျက်သိမ်းပြီးသည့်နောက် နိုင်ငံရေးလုံးဝမလုပ်တော့ဘဲ အနုပညာနယ်အတွင်းသို့ ဝင်ခဲ့လေသည်။ အသင်းအဖွဲ့ဟူ၍ တို့ဗမာအစည်းအရုံးတွင်သာ ပါဝင်ခဲ့ဖူးသည်။

## အနုပညာရှင်ဘဝနှင့် အတွေ့အကြုံ

ဆရာကြီးဗိုလ်ကလေးတင့်အောင်၏ အနုပညာဘဝသည် ဂီတဖြင့် စတင်ခဲ့သည်ဟု ဆိုရပါမည်။ အဘယ့်ကြောင့်ဆိုသော် ၁၉၃၉ ခုနှစ်တွင် သီချင်းစတင်ရေးသားပြီး ၎င်းသီချင်းများကို ၁၉၄၇ ခုနှစ်တွင် စတင်၍ အသံလွှင့်ခဲ့၏။ ၁၉၄၉ ခုနှစ်တွင် ရန်ကုန်သို့ ပြောင်းရွှေ့လာပြီး ညီဖြစ်သူ မောင်ကိုကို တူရိယာအဖွဲ့တွင် ဂီတာတီးသူအဖြစ် ပါဝင်ခဲ့သည်။ ထို့ကြောင့်လည်း ဆရာကြီးသည် ပြဇာတ်ဝိဇ္ဇာ ဒဂုန်ဆရာတင်၏ တပည့်အဖြစ် ကာဌေးရုံ၊ ဝင်းဝင်းရုံတို့တွင် သီချင်းရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ တွဲဖက်ဒါရိုက်တာအဖြစ်ဆောင်ရွက်ခဲ့ရာမှ တစ်ဆင့်ပြီးတစ်ဆင့်တက်၍ ၁၉၅၀ ပြည့်နှစ်တွင် "အပြုံးလက်ဆောင်" ပြဇာတ်ဖြင့် ဒါရိုက်တာ ဖြစ်လာခဲ့ပါသည်။ ထိုမှတစ်ဆင့် ပြဇာတ်တို၊ ပြဇာတ်အရှည် အများအပြား တင်ဆက် ကပြခဲ့ပါသည်။ သုံးနာရီခန့် ပြသရသည့် ပြဇာတ်ကြီး (၄၀) ကျော်၊ ပြဇာတ်တို၊ တစ်ခန်းရပ် ပြဇာတ်၊ တေးသရုပ်ဖော် ပြဇာတ်ပေါင်း (၁၀၀) ခန့် စီစဉ်ညွှန်ကြားဒါရိုက်တာအဖြစ် လုပ်ဆောင်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ပထမဦးဆုံး ရုပ်ရှင်ဒါရိုက်တာအဖြစ် "နှောင်ကြိုးကိုင်ငပွဲ့မယ်လေ" ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် မြတ်မွန်ရတနာ ပြဇာတ်ကို စီစဉ်တင်ဆက်ခဲ့၍ မြတ်မွန်ရတနာ ပြဇာတ်စာအုပ်ကို စာပေဗိမာန်မှ ဖြန့်ချိထုတ်ဝေခဲ့သည်။ ဤကား ဆရာကြီး၏ စာပေသမား၊ စာရေးဆရာဘဝဟုဆိုရာတွင်လည်း မမှားပေ။

၁၉၆၀ ဝန်းကျင်ကာလတွင် "ဆောင်းတစ်ညဝယ်" "မေတ္တာမိုးတစ်ပေါက်" "မေတ္တာဟူသည်" စသော ရုပ်ရှင်ဇာတ်ကားများကိုလည်း ရိုက်ကူးတင်ဆက်ခဲ့ပြီး ခါတ်ပြားသီချင်း၊ ရေဒီယိုသီချင်း၊ ရုပ်ရှင်သီချင်းများစွာကိုလည်း ရေးသားခဲ့ပါသည်။ ၁၉၆၁ ခုနှစ်တွင် ရုပ်ရှင်ဇာတ်ညွှန်းအဖြစ် ရေးထားသည်ကို ဝတ္ထုအသွင် ပြန်လည်ရေးသားထုတ်ဝေသော မမမိုး စာအုပ်ထွက်ရှိခဲ့သည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် စာပေဝါသနာအလျောက် ဆောင်းပါးများရေးခဲ့ပြီး ပန်းဝက်ပါ ခေါင်းစဉ်ဖြင့် ဆောင်းပါးရှည်ကို ၁၉၈၀ မှ ၁၉၈၂ ခုနှစ်အထိ ဂီတပဒေသာမဂ္ဂဇင်းတွင် ရေးသားခဲ့သည်။

ဗိုလ်ကလေးတင့်အောင်၏ ကျော်ကြားခဲ့သော တေးသီချင်းအချို့ကို ယနေ့တိုင် အဆိုရှင်အမျိုးမျိုးတို့က သီဆိုနေကြဆဲဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် ကြည်ကြည်ဌေးသီဆို၍ ခါတ်ပြားရခဲ့သော "သက်ဆိုင်သူသို့" သီချင်းကို "တိမ်ဦးလေပြေ မောင့်ကိုစေ" ရုပ်ရှင်ဇာတ်ကားတွင် ခင်ယုမေက ပြန်လည်သီဆိုခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ပြဇာတ်သီချင်းဖြစ်သော "နှစ်သစ်ချစ်ဦး"၊ ၁၉၅၈ ခုနှစ်တွင် ထား သီဆိုခဲ့သော "သံယောဇဉ်"၊ "မွန်တို့ဌာနေ"၊ "မှုန်ရွှေရည်" ဇာတ်ကားမှ ဝင်းဦးသီဆိုခဲ့သော မျက်ဝန်းလဲ့ပြာပြာ၊ ၁၉၆၈ ခုနှစ်တွင် မင်းနောင်သီဆိုသည့် ဇရာ၊ ဂျင်မလေးဂျမ်း၊ ၁၉၇၀ ပြည့်နှစ်တွင် စန္ဒရားချစ်ဆွေသီဆိုခဲ့သည့် မွှေးလွန်းသည့်ပန်း စသည့် သီချင်းများမှာ ယနေ့တိုင် ခေတ်စားဆဲဖြစ်သည်။ ဆရာကြီး၏ သီချင်းစာသားများသည် သဘာဝကျကျ ရေးသားထားခြင်းကြောင့် စွဲမြဲထိရှလွန်းလှသည်။ ဗိုလ်ကလေးတင့်အောင်သည် သီချင်းများ ရေးသားခဲ့ရုံမက ရုပ်ရှင်ဘက်တွင်လည်း ၁၉၆၂ ခုနှစ်က "ဆောင်းတစ်ညဝယ်" ဇာတ်ကားကိုလည်းကောင်း၊ ငယ်ကျွမ်းဆွေပြဇာတ်ကို ၁၉၇၅ ခုနှစ်တွင် လည်းကောင်း ရုပ်ရှင်ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့ပြီး စုစုပေါင်း ရုပ်ရှင်ဇာတ်ကား (၁၂)ကားကို ရိုက်ကူးခဲ့ပါသည်။

## ဆုရရှိခဲ့မှုများ

ထို့ပြင် ဆရာကြီးဗိုလ်ကလေး တင့်အောင်သည် ဂီတနှင့် ရုပ်ရှင်ဘက်တွင်သာမက စာပေ၊ လူမှုနှင့် ရုပ်ရှင်နယ်ပယ်အသီးသီးတို့တွင် ဆုများ ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းတို့မှာ ပန်းဝက်ပါစာအုပ်ဖြင့် ၁၉၉၆ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ နိုင်ငံတော်မှ ချီးမြှင့်သော လူမှုထူးချွန် (ပထမအဆင့်)နှင့် ဝိဇ္ဇာထူးချွန် (ပထမအဆင့်)၊ ၂၀၁၂ ခုနှစ်တွင် စည်သူဘွဲ့နှင့် ဒေါက်တာဘွဲ့၊ ၂၀၁၇ ခုနှစ် အကယ်ဒမီထူးချွန်ဆုပေးပွဲတွင် ရုပ်ရှင်တစ်သက်တာဆုများကို ရရှိခဲ့ကြောင်း သိရသည်။

ထိုဆုပေးပွဲတွင် အသက် (၁၀၀) အထိ နေထိုင်နိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို အမှတ်ရမိပါသေးသည်။

## အသင်းအဖွဲ့များတွင် ဆောင်ရွက်ခဲ့မှုများ

ဆရာကြီးသည် ဂီတ၊ ရုပ်ရှင်နယ်ပယ် အသင်းအဖွဲ့များတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့လေသည်။ ဆရာကြီးသည် ၁၉၇၉ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဂီတကောင်စီစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ ၁၉၉၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများတွင် အရေးအကဲဖြတ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ရုပ်ရှင်အစည်းအရုံး၏ နာယက၊ ဂီတအစည်းအရုံး၏ နာယက၊ ဘိုကလေးမြို့နယ်အသင်း၊ ကျိုက်လတ်မြို့နယ်အသင်း၊ ကျုံမငေးမြို့နယ်နှင့် စိတ်ပညာအသင်းတို့တွင်လည်း နာယကအဖြစ် လူမှုရေးကိစ္စများကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုသီချင်းကို ရေးစပ်သီကုံးခဲ့ကြောင်း၊ မကွယ်လွန်မီအချိန်အထိ ဝါသနာပါသော တတ်ကျွမ်းသော ဂီတ၊ ရုပ်ရှင် အနုပညာလုပ်ငန်းများကို အကြံပြုပံ့ပိုးပေးခဲ့ကြောင်း သိရပါသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက် ည ၁၁ နာရီမှာတော့ ဆရာကြီးသည် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်ခဲ့ပြီဖြစ်သည်။ ကွယ်လွန်ချိန်တွင် အသက်နှစ်(၁၀၀)ပြည့်ရန် လပိုင်းအနည်းငယ်သာ လိုချိန်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

ဆရာကြီး၏အမည်အရင်းမှာ ဦးတင့်အောင်ဖြစ်သည်။ အနုပညာအမည်မှာ ဗိုလ်ကလေးတင့်အောင် ဖြစ်ပါသည်။ ဆရာကြီးကို အဘဦးဘသင်၊ အမိဒေါ်ဖွားသိန်းတို့မှ ဇွန်လ ၃ ရက် ၁၉၂၂ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့တွင် မွေးဖွားခဲ့ပါသည်။ မွေးချင်းခြောက်ယောက်တွင် ဒုတိယသားဖြစ်ပြီး ဂီတလုလင်ဦးကိုကို၏ အစ်ကိုကြီးလည်း ဖြစ်ပါသည်။ ဘိုကလေးမြို့၊ ကျုံမငေးမြို့နှင့် ကျိုက်လတ်မြို့ အမျိုးသားအထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ဇနီး ဒေါ်ခင်ရီနှင့် ၁၉၄၅ ခုနှစ်တွင် အိမ်ထောင်ပြုခဲ့ပြီး သားသမီး(၄)ဦး ထွန်းကားခဲ့ပါသည်။ အသက်ငါးနှစ်၊ ခြောက်နှစ် အရွယ်မှ စတင်၍ အိုးစည်ယိမ်းတွင်ပါဝင်ခဲ့ပြီး အနုပညာအလုပ်ကို စတင်လုပ်ဆောင်ခဲ့သည်။ ဆရာကြီးဘဝဖြတ်သန်းရာတစ်လျှောက် စာရေးဆရာ၊ ပြဇာတ်ဆရာ၊ သီချင်းရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ စသည့် အနုပညာလုပ်ငန်းများ လုပ်ကိုင်သူဖြစ်သည်။ သို့သော် အနိစ္စသဘောကို မလွန်ဆန်နိုင်သည့်အဆုံး ဘဝတစ်ခုနိဂုံး အဆုံးသတ်ခဲ့ရလေပြီ။ ဆရာကြီး ဗိုလ်ကလေးတင့်အောင်၏ ဂီတအနုပညာဖန်တီးမှုများသည်ကား ဆက်လက်မွှေးထုံသင်းပျံ့နေဦးမည်သာ ဖြစ်ပါသည်။

FDC

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၇

တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့ရှိ ဝိဇ္ဇာရိယပရိယတ္တိစာသင်တိုက်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အလယ်ချောင်ကျေးရွာရှိ မူလတပ်ဦးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာရှိ မဟာအတုလဂုဏ်ရည်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဓနုဖြူမြို့ရှိ နိဂြောဓာရုံပရိယတ္တိစာသင်တိုက်၊ ချင်းပြည်နယ် ဟားခါးမြို့ရှိ မြို့မသာသနာပြုပရိယတ္တိစာသင်တိုက်၊ ဇေတဝန်တောရ စာသင်တိုက်၊ ကျောဘုတ်ထေရဝါဒသာသနာပြုကျောင်းတိုက်၊ ခွာရုံကျောင်း တိုက်၊ သာသနာ့ရက္ခိတတပ်ဦးကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ရတနာမာရ်အောင်ကျောင်းတို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြသည်။

ထို့အပြင် ချင်းပြည်နယ် ဟားခါးမြို့ မြို့မသာသနာပြုပရိယတ္တိစာသင်တိုက်၊ ဇေတဝန်တောရ စာသင်တိုက်၊ ကျောဘုတ်ထေရဝါဒသာသနာပြုကျောင်းတိုက်၊ ခွာရုံကျောင်းတိုက်နှင့် သာသနာ့ရက္ခိတတပ်ဦးကျောင်းတိုက်များရှိ သံဃာတော်များအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၁၇

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ ကျောက်မဲမြို့၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် လွိုင်လင်မြို့နှင့် မိုင်းယန်းမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ




အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# ASEANSAI အကြောင်း တစေ့တစောင်း

OAG ဝန်ထမ်းတစ်ဦး

**အရှေ့တောင်အာရှနိုင်ငံများရှိ အမြင့်ဆုံးစာရင်းစစ်အဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများသည် ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် စုဝေးခဲ့ကြပြီး အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEAN Supreme Audit Institutions– ASEANSAI) ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်ကို လက်မှတ်ရေးထိုးကာ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI) ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ ယင်းနေ့မှာပင် ASEANSAI ၏ ပထမဦးဆုံး စုံညီအစည်းအဝေး (Assembly) ကို ကျင်းပခဲ့ပြီး ASEANSAI ၏ ဥက္ကဋ္ဌရာထူး ရွေးချယ်ခန့်အပ်ခြင်း၊ ရန်ပုံငွေထည့်ဝင်မှုနှင့် အထူးလုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရေးကော်မတီများ ဖွဲ့စည်းခြင်း စသည့်အဓိက မရှိမဖြစ်လိုအပ်သော ကိစ္စရပ်များကို သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။**

ASEANSAI ကို ၂၀၁၅ ခုနှစ်တွင် အာဆီယံ အသိုက်အဝန်းတည်ထောင်မည့် ရည်မှန်းချက်နှင့်အညီ ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်ပြီး အဆိုပါ အဖွဲ့အစည်းသည် ကိုယ်ပိုင်ရပ်တည်နေသော လွတ်လပ်၍ နိုင်ငံရေးနှင့်သက်ဆိုင်မှုမရှိသော အတတ်ပညာဆိုင်ရာ အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ အဖွဲ့ဝင်စာရင်းစစ်ချုပ်ရုံးများအကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အများပြည်သူသို့ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကို တိုးတက်စေကာ ပိုမိုကောင်းမွန်သန့်ရှင်းသည့် အစိုးရများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း သိမြင်လျက် အာဆီယံပဋိညာဉ်စာတမ်းတွင်ပါဝင်သည့် ရည်ရွယ်ချက်များနှင့်အညီ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကို မြှင့်တင်နိုင်ရန် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ASEANSAI ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြခြင်း ဖြစ်ပါသည်။

**ရည်မှန်းချက်**

ASEANSAI ၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) စာရင်းစစ်အဖွဲ့အစည်းများ ခိုင်မာအားကောင်းလာစေရေး နိုင်ငံပိုင်ကဏ္ဍ စာရင်းစစ်ဆေးခြင်း နယ်ပယ်တွင် အတွေ့အကြုံနှင့်ဗဟုသုတများ နီးနှောဖလှယ် မျှဝေခြင်းဖြင့် ASEANSAI အဖွဲ့ဝင်များအကြား နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေရန်နှင့် စွမ်းဆောင်ရည် မြှင့်တင်ရန်၊

(ခ) တွေ့ကြုံခဲ့ပြီးသော မှတ်သားစရာ သင်ခန်းစာများအား နီးနှောဖလှယ်ခြင်းနှင့် အကောင်းဆုံးအလေ့အထများ မျှဝေပေးခြင်းမှတစ်ဆင့် ASEANSAI အဖွဲ့ဝင်များအကြား စဉ်ဆက်မပြတ် လေ့လာသင်ယူရေး၊ သင်တန်းပို့ချမှုနှင့် သုတေသနများ တိုးတက်လာအောင် ဆောင်ရွက်ပေးခြင်းဖြင့် အထောက်အကူပြုသည့် ဝန်းကျင်တစ်ခု ဖြစ်ထွန်းလာစေရန်နှင့် လိုအပ်သောအထောက်အပံ့များ ပံ့ပိုးပေးရန်၊

(ဂ) နိုင်ငံပိုင်ကဏ္ဍ စာရင်းစစ်ဆေးခြင်း နယ်ပယ်တွင် အခြားနိုင်ငံတကာ အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များကို ချိတ်ဆက်ဆောင်ရွက်ပေးရန်နှင့် သတင်းအချက်အလက်များစုစည်းရာ ဗဟို အချက်အချာကျသော နေရာတစ်ခု ဖြစ်စေရန်။

**လုပ်ငန်းတာဝန်များ (Functions)**

ASEANSAI ၏ လုပ်ငန်းတာဝန်များမှာ နိုင်ငံပိုင်ကဏ္ဍ စာရင်းစစ်ဆေးခြင်းနယ်ပယ်တွင် အကောင်းဆုံးအလေ့အထများ၊ စံများနှင့် နည်းပညာများအတွက် အချက်အလက်များကို Data bank ဖြင့် ထိန်းသိမ်းထားရန်၊ နိုင်ငံပိုင်ကဏ္ဍ စာရင်းစစ်ဆေးခြင်းနယ်ပယ်တွင် အသိပညာနှင့် ဗဟုသုတများဖလှယ်ခြင်းဆိုင်ရာ နီးနှောဖလှယ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ လေ့လာသင်ယူမှုများနှင့် အခြားလုပ်ငန်းများဆောင်ရွက်ရန်၊ အဖွဲ့ဝင်များအကြား ကောင်းမွန်သောအုပ်ချုပ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြင့်မားလာစေမည့် အခြားလုပ်ငန်းများကို ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

**ဖွဲ့စည်းပုံ**

ASEANSAI တွင် စုံညီအစည်းအဝေး (Assembly) သည် အမြင့်ဆုံးဖြစ်ပြီး ယင်းအောက်တွင် အဖွဲ့၏ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ ရှိပါသည်။ စုံညီအစည်းအဝေးသည် မူဝါဒလုပ်ငန်းစဉ်များချမှတ်ပြီး ကိစ္စရပ်အားလုံးတွင် အဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်ရပါသည်။ အလုပ်အမှုဆောင်အဖွဲ့သည် စုံညီအစည်းအဝေးသို့ မူဝါဒများ အကြံပြုတင်ပြခြင်း၊ ချမှတ်ထားသောမူဝါဒများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊ အဖွဲ့၏ ကော်မတီအသီးသီးက ချမှတ်ထားသော လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်မှုကို စောင့်ကြည့်ခြင်းတို့ ဆောင်ရွက်ရပါသည်။

ASEANSAI အတွင်းရေးမှူးရုံးကိုလည်း ဖွဲ့စည်းထားပြီး ASEANSAI ဥက္ကဋ္ဌကို တာဝန်ခံရခြင်း၊ အလုပ်အမှုဆောင်အဖွဲ့နှင့် ASEANSAI ကော်မတီများကို ကူညီပံ့ပိုးခြင်း၊ ဘဏ္ဍာငွေကြေးများကို စီမံခန့်ခွဲပြီး ရန်ပုံငွေများသုံးစွဲမှုအတွက် တာဝန်ခံခြင်း၊ အလုပ်အမှုဆောင်အဖွဲ့က ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း၊ စာရင်းများ၊ မှတ်တမ်းများနှင့်ဖိုင်များ သိမ်းဆည်းထားပြီး ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးနိုင်စေရန် ကူညီပံ့ပိုးပေးခြင်းစသည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ပါသည်။

ASEANSAI ၏ အထူးလုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် စုံညီအစည်းအဝေးမှ ဆုံးဖြတ်ချက်ဖြင့် ကော်မတီများကိုဖွဲ့စည်းပြီး ကော်မတီတစ်ခုတွင် အနည်းဆုံးအဖွဲ့ဝင် သုံးနိုင်ငံပါဝင်ရပါသည်။ ကော်မတီ (၄) ရပ်ဖွဲ့စည်းထားပြီး အဖွဲ့၏ မဟာဗျူဟာကို ရေးဆွဲ ပြင်ဆင်နိုင်ရန် မဟာဗျူဟာရေးဆွဲရေးကော်မတီ၊ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲပြင်ဆင်နိုင်ရန် စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာကော်မတီ၊ အသိပညာမျှဝေရေး အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် အသိပညာမျှဝေရေးကော်မတီ၊ သင်တန်းပို့ချရေး အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် သင်တန်းပို့ချရေးကော်မတီတို့ကို ဖွဲ့စည်းထားပါသည်။ ဗီယက်နမ်၊ စင်ကာပူ၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ စာရင်းစစ်ချုပ်ရုံးများက ကော်မတီဥက္ကဋ္ဌများအဖြစ် အသီးသီးတာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

**မဟာဗျူဟာစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း**

ASEANSAI ကို စတင်တည်ထောင်စဉ်ကပင် မဟာဗျူဟာစီမံချက်များကို ကာလပိုင်းအလိုက် ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါသည်။ ယခုအခါ မဟာဗျူဟာစီမံချက် (၂၀၂၂–၂၀၂၅) ကို ချမှတ်ထားပြီး

စာမျက်နှာ ၁၁ သို့




(၆) ကြိမ်မြောက် ASEANSAI ထိပ်သီးအစည်းအဝေးသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်စဉ်။

**ASEANSAI သည် ၎င်း၏မဟာဗျူဟာစီမံချက် (၂၀၂၂–၂၀၂၅) တွင် မျှော်မှန်းထားသည့်အတိုင်း ဒေသတွင်း ကောင်းမွန်သည့် အုပ်ချုပ်မှု တိုးတက်ကောင်းမွန်လာအောင် အထောက်အကူပြုနိုင်မှုကြောင့် ၂၀၂၅ ခုနှစ်တွင် အဖွဲ့ဝင်အားလုံး၏ နိုင်ငံတော်အစိုးရများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ အခြားနိုင်ငံတကာစာရင်းစစ်ချုပ်ရုံး အဖွဲ့အစည်းများ အပါအဝင် ပြင်ပသက်ဆိုင်သူများ (external stakeholders) က ယုံကြည်ကိုးစားရသည့် အဖွဲ့အစည်းတစ်ခုဖြစ်လာအောင် အဖွဲ့ဝင်များ၏ ပေါင်းစည်းအင်အားဖြင့် ကြိုးပမ်းသွားမည်**

*စာမျက်နှာ ၁၀ မှ*

အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိပါသည်။ အာဆီယံဒေသအတွင်း ကောင်းမွန်သော အုပ်ချုပ်မှုအား မြှင့်တင်နိုင်မည့် ယုံကြည်စိတ်ချရပြီး အင်တိုက်အားတိုက် ဆောင်ရွက်နိုင်သော အတတ်ပညာဆိုင်ရာ အမြင့်ဆုံးစာရင်းစစ်အဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရန်အတွက် ASEANSAI အလုပ်အမှုဆောင်အဖွဲ့၊ အတွင်းရေးမှူးရုံးနှင့် ကော်မတီအသီးသီးတို့က ၎င်းတို့၏ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ရာတွင် တစ်ပြေးညီဆောင်ရွက်နိုင်ရန်အတွက် အောက်ပါမဟာဗျူဟာပန်းတိုင်လေးခုကို ချမှတ်ထားပြီး ယင်းကို အထောက်အကူပြုမည့် မဟာဗျူဟာ ရည်မှန်းချက် ၁၀ ခုဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) စာရင်းစစ်ချုပ်ရုံးများအကြား စွမ်းရည်မြှင့်တင်ရေးဆောင်ရွက်ရန်၊

(ခ) စာရင်းစစ်ချုပ်ရုံးများနှင့် သက်ဆိုင်သူ (Stakeholder) များအကြား အသိပညာမျှဝေရေးကိုမြှင့်တင်ရန်၊

(ဂ) ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းခိုင်မာလာစေရန်၊

(ဃ) စံထားရသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုအဖြစ် ဌာနတွင်းစီမံအုပ်ချုပ်မှုနှင့် ဘက်စုံအဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုကို တိုးတက်ကောင်းမွန်လာစေရန်။

**အစည်းအဝေးများ ကျင်းပခြင်း**

ASEANSAI စုံညီအစည်းအဝေး (သို့မဟုတ်) ASEANSAI ထိပ်သီးအစည်းအဝေးကို ASEANSAI အဖွဲ့ဝင်အားလုံး၏သဘောတူညီချက်ဖြင့် နှစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိသည်။ ညီလာခံ၏ ဥက္ကဋ္ဌတာဝန်ကို ASEANSAI ဥက္ကဋ္ဌက တာဝန်ယူဆောင်ရွက်ပါသည်။ ASEANSAI ထိပ်သီးအစည်းအဝေးမကျင်းပခင် ASEANSAI ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (Senior Official Meeting) ကို သုံးလကြိုတင်၍ ကျင်းပလေ့ရှိပါသည်။ အလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေး၊ ကော်မတီအစည်းအဝေးနှင့် စောင့်ကြည့်စစ်ဆေးခြင်း အစည်းအဝေးများကိုမူ လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ ကျင်းပလေ့ရှိပါသည်။

**ဘဏ္ဍာရေးအခြေအနေ**

ASEANSAI ဘဏ်စာရင်းသို့ ASEANSAI အဖွဲ့ဝင်များက တစ်နှစ်လျှင် နှစ်စဉ်ကြေး အမေရိကန်ဒေါ်လာ ၇၀၀ ထည့်ဝင်ရပါသည်။ ၎င်းအပြင်မိတ်ဖက်အဖွဲ့အစည်းများ၏ အလှူငွေများ၊ ဘဏ်အတိုးများကို ယင်းဘဏ်စာရင်းသို့ ပေးသွင်း၍ အသိပညာမျှဝေရေးအစီအစဉ်များနှင့် သင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့တွင် အသုံးပြုပါသည်။ ယင်းအသုံးစရိတ်များကို စုံညီအစည်းအဝေးက အတည်ပြုထားသည့် စာရင်းစစ်က နှစ်နှစ်လျှင်တစ်ကြိမ် စစ်ဆေးရပါသည်။

**ASEANSAI အလှည့်ကျ ဥက္ကဋ္ဌတာဝန် လွှဲပြောင်းရယူခြင်း**

အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ (ASEANSAI Rules and Procedures) ပါ ပြဋ္ဌာန်းချက်များအရ အဖွဲ့၏ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတာဝန်ကို အဖွဲ့ဝင်များက နိုင်ငံအမည်အက္ခရာစဉ်အလိုက် နှစ်နှစ်စီ အလှည့်ကျထမ်းဆောင်ရမည်ဖြစ်ပါသည်။ ဒုတိယဥက္ကဋ္ဌသည် လာမည့် နှစ်နှစ်တာကာလအတွက် ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းတာဝန်ထမ်းဆောင်ရမည် ဖြစ်ပါသည်။ အဖွဲ့၏ထိပ်သီးအစည်းအဝေးကို အဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မည့်နိုင်ငံတွင် အိမ်ရှင်အနေဖြင့် လက်ခံကျင်းပရပါသည်။

ASEANSAI ဥက္ကဋ္ဌတာဝန်ကို ၂၀၁၁-၂၀၁၃ တွင် အင်ဒိုနီးရှားနိုင်ငံစာရင်းစစ်ချုပ်ရုံး၊ ၂၀၁၃-၂၀၁၅ တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံစာရင်းစစ်ချုပ်ရုံး၊ ၂၀၁၅- ၂၀၁၇ တွင် ကမ္ဘောဒီးယားနိုင်ငံစာရင်းစစ်ချုပ်ရုံး၊ ၂၀၁၇-၂၀၁၉ တွင် လာအိုနိုင်ငံစာရင်းစစ်ချုပ်ရုံး၊ ၂၀၁၉-၂၀၂၁ တွင် မလေးရှားနိုင်ငံစာရင်းစစ်ချုပ်ရုံးတို့က အလှည့်ကျထမ်းဆောင်ခဲ့ကြပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှစ၍ ASEANSAI ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၆) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး (6th ASEANSAI Summit) တွင် အဖွဲ့၏ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းရယူခဲ့ပြီး ဖြစ်ပါသည်။ အစည်းအဝေးကို မျက်နှာစုံညီ ကျင်းပလိုသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားလျက်ရှိခြင်းကြောင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်သာ ကျင်းပနိုင်ခဲ့ပါသည်။

အစည်းအဝေးကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော်ရှိ ASEANSAI ဥက္ကဋ္ဌရုံးခန်းမှ အိမ်ရှင်အဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ရာ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး)၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် လက်ထောက်အတွင်းဝန်တို့ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ စာရင်းစစ်ချုပ်သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်များနှင့် ကိုယ်စားလှယ်များ၊ ASEANSAI ၏ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၈၃ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

(၆) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး ကျင်းပနိုင်ရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ဦးဆောင်သော ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း၊ အခြားဝန်ကြီးဌာနများနှင့် ဆက်သွယ်ညှိနှိုင်းခြင်းနှင့် အကူအညီများရယူခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့များသို့ တင်ပြခွင့်ပြုချက်ရယူခြင်း၊ အစည်းအဝေးတွင် ဆွေးနွေးမည့်အကြောင်းအရာများ၊ ပြောကြားမည့်မိန့်ခွန်းများ ကြိုတင်ပြင်ဆင်ခြင်း၊ မလေးရှားနိုင်ငံ စာရင်းစစ်ချုပ်ရုံးနှင့် ASEANSAI အတွင်းရေးမှူးရုံးတို့မှ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ထမ်းများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခြင်း၊ E-mail နှင့် Whatapps Group များဖြင့် စဉ်ဆက်မပြတ် ဆက်သွယ်ခြင်း၊ အစမ်းလေ့ကျင့်ခြင်းစသည်ဖြင့် ကြိုတင်ပြင်ဆင်ခဲ့ရပါသည်။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအနေဖြင့် နှစ်နှစ်တာကာလအတွင်း ASEANSAI ကို ဦးဆောင်ရမည်ဖြစ်ပြီး အတွင်းရေးမှူးရုံး၏ အကူအညီဖြင့် စုံညီအစည်းအဝေးသို့ မူဝါဒများ အဆိုပြုတင်ပြခြင်း၊ အတည်ပြုပြီးသော မူဝါဒများထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအစီအမံများ ချမှတ်ကျင့်သုံးခြင်း၊ ကော်မတီများ၏ လုပ်ငန်းစီမံချက်များကို မဟာဗျူဟာစီမံချက်နှင့်အညီ အကောင်အထည်ဖော်မှုအခြေအနေကို ကြီးကြပ်ခြင်းစသည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်အတွင်း အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် အသိပညာမျှဝေရေးကော်မတီ အဖွဲ့ဝင်နိုင်ငံတစ်ခုအနေဖြင့် ဆေးနှင့်ဆေးဝါးပစ္စည်းများ ဝယ်ယူမှုကို စစ်ဆေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတို့ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အိမ်ရှင်အဖြစ် ကျင်းပသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု လျော့ကျလာမှုအပေါ်မူတည်၍ မျက်နှာစုံညီကျင်းပနိုင်အောင် ကြိုးပမ်းသွားမည် ဖြစ်ပါသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် လက်ရှိဒုတိယဥက္ကဋ္ဌဖြစ်သော ဖိလစ်ပိုင်နိုင်ငံစာရင်းစစ်ချုပ်ရုံးအား ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးမည်ဖြစ်ပါသည်။ ထိုသို့လွှဲပြောင်းနိုင်ရန် ကြိုတင်ပြင်ဆင်မှုအဖြစ် ASEANSAI ၏ (၇) ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပါသည်။ (၇) ကြိမ်မြောက် ASEANSAI ထိပ်သီးအစည်းအဝေးကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပနိုင်ရေးအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ၊ ညှိနှိုင်းမှုများကိုလည်း ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအနေဖြင့် ASEANSAI တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သဖြင့် ASEANSAI မှ ကျင်းပသည့် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများသို့ တက်ရောက်ခွင့်ရရှိခြင်း၊ လေ့လာသိရှိရသည်များကို ပြန်လည်ဆင့်ပွား သင်ကြားပေးခြင်းဖြင့် အသိပညာနှင့် စစ်ဆေးရေးစွမ်းဆောင်ရည်များ တိုးမြင့်လာခြင်း၊ အာဆီယံနိုင်ငံများအကြား ပူးပေါင်းစစ်ဆေးမှုအစီအစဉ်များတွင် ပါဝင်ရသဖြင့် စစ်ဆေးရေးအတွေ့အကြုံနှင့် စွမ်းဆောင်ရည်များ မြင့်မားလာခြင်း၊ အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရခြင်း စသည့်အကျိုးကျေးဇူးများ ရရှိပါသည်။

ASEANSAI သည် ၎င်း၏မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) တွင် မျှော်မှန်းထားသည့်အတိုင်း ဒေသတွင်း ကောင်းမွန်သည့်အုပ်ချုပ်မှု တိုးတက်ကောင်းမွန်လာအောင် အထောက်အကူပြုနိုင်မှုကြောင့် ၂၀၂၅ ခုနှစ်တွင် အဖွဲ့ဝင်အားလုံး၏ နိုင်ငံတော်အစိုးရများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ အခြား နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးအဖွဲ့အစည်းများအပါအဝင် ပြင်ပသက်ဆိုင်သူများ (external stakeholders) က ယုံကြည်ကိုးစားရသည့် အဖွဲ့အစည်းတစ်ခုဖြစ်လာအောင် အဖွဲ့ဝင်များ၏ ပေါင်းစည်းအင်အားဖြင့် ကြိုးပမ်းသွားမည်ဖြစ်ပြီး နိုင်ငံပိုင်ကဏ္ဍစာရင်းနှင့် လုပ်ငန်းစစ်ဆေးရာတွင် စွမ်းရည်မြင့်မားလာသည်နှင့်အမျှ ဒေသတွင်း ကောင်းမွန်သည့်အုပ်ချုပ်မှုစနစ် တိုးတက်မြင့်မားလာစေရန် ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။



နေပြည်တော် စာရင်းစစ်ချုပ်ရုံး။


ASEANSAI အထိမ်းအမှတ်ပစ္စည်းဖြစ်သော "တူ"နှင့် "သေတ္တာ"ကို တွေ့ရစဉ်။

# လေထိုးရဲတိုက်ပေါ်မှ ပြုတ်ကျသည့် ကလေးငါးဦးသေဆုံး

ဆစ်ဒနီ ဒီဇင်ဘာ ၁၇

**ကလေးငယ်များဆော့ကစားရာ လေထိုးရဲတိုက်ပေါ်မှ ပြုတ်ကျသည့် ကလေးငယ်ငါးဦး သေဆုံးသွားသည်ဟု ဩစတြေးလျရဲများက ပြောသည်။ အဆိုပါဖြစ်ရပ်မှာ တက်စ်မေးနီးယားပြည်နယ် ဒက်ဗွန်ပို့မြို့ရှိ မူလတန်းကျောင်းတွင် ဒီဇင်ဘာ ၁၆ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။**

လေထိုးရဲတိုက်ပေါ်တွင် ကျောင်းသားများ ဆော့ကစားနေကြစဉ် လေပြင်းရုတ်တရက်တိုက်ခတ်မှုကြောင့် လေထိုးရဲတိုက်နှင့် ကလေးများ မထိခိုက်စေရန် ထားရှိထားသည့် ပျော့ပျောင်းသော အရာဝတ္ထုများလေနှင့်အတူ လဲပြိုသွားခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ကလေး ကိုးဦး ၁၀ မီတာ အမြင့်မှ မြေပြင်ပေါ်သို့ ကျသွားခဲ့သည်။ လေးဦးမှာ ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၌ ကုသမှုခံယူနေရသည်။

လေထိုးရဲတိုက်နှင့် အခြားသောပစ္စည်းများမှာ နွေရာသီပိတ်ရက်မတိုင်မီ ကျောင်းနောက်ဆုံးနေ့ ကျင်းပရန် ပြင်ဆင်ထားသည့်အရာများ ဖြစ်သည်။ ကျောင်းသားငယ်များမှာ မိသားစုများနှင့် ပျော်ရွှင်ဖွယ်နေ့ရက် အတူဖြတ်သန်းနိုင်ခဲ့သော်လည်း ယခုနှစ်တွင်မူ ကြေကွဲဖွယ်ရာဖြစ်ရပ် ဖြစ်သွားခဲ့သည်ဟု ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က ပြောသည်။

လိုအပ်သည့် အကူအညီများပေးသွားရန်အတွက်လည်း ဒေသခံအာဏာပိုင်များနှင့် နီးကပ်စွာ အလုပ်လုပ်ကိုင်သွားမည်ဟု မော်ရစ်ဆင်က ပြောသည်။

**အင်န်အိတ်ချ်ကေ**



ကလေးငယ်များ ပြုတ်ကျခဲ့သည့်နေရာကို ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။

# ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှု နှစ်ရက်ဆက်တိုက်များပြားနေ

**လန်ဒန် ဒီဇင်ဘာ ၁၇**

ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ မျိုးကွဲ အိုမီခရွန် ကူးစက်ပျံ့နှံ့နေပြီး ဒီဇင်ဘာ ၁၆ ရက်က ကိုဗစ်- ၁၉ ကူးစက်မှု စံချိန်တင်များပြားခဲ့ရာ နေ့စဉ်ကူးစက်မှုများပြားနေသည်မှာ နှစ်ရက်ဆက်တိုက်ရှိနေပြီဖြစ်သည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကလည်း ပြည်သူများ အပိုဆောင်းကာကွယ်ဆေးထိုးကြရန် တိုက်တွန်းလျက်ရှိသည်။ ဒီဇင်ဘာ ၁၆ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၈၈၃၇၆ ဦး ရှိခဲ့ပြီး ဒီဇင်ဘာ ၁၅ ရက်တွင်မူ ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ၁၀၀၀၀ ခန့်ရှိခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

ယခုအချိန်အထိ ဗြိတိန်နိုင်ငံ၌ အိုမီခရွန်ကူးစက်ခံရသူ အရေအတွက်မှာ ၁၁၇၀၈ ဦးရှိပြီဖြစ်သည်။ လန်ဒန်မြို့၌ နောက်ထပ်ကူးစက်ခံရသူများ၏ ၇၄ ရာခိုင်နှုန်းမှာ အိုမီခရွန်ကူးစက်ခံရသူများဖြစ်သည်။ ပြည်သူများကို အပိုဆောင်း ကာကွယ်ဆေးထိုးပေးရန်အတွက်လည်း အဘက်ဘက်မှကြိုးစားလျက်ရှိသည်။

နောက်ထပ် အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ရှိနိုင်သည်ဟူသော ခန့်မှန်းချက်များကို ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဒီဇင်ဘာ ၁၆ ရက်တွင် ငြင်းပယ်ခဲ့သည်။ ပုံမှန်နေထိုင်မှုဘဝ ပြန်ရောက်ရန်အတွက် ကာကွယ်ဆေး တတိယအကြိမ် ထပ်ထိုးရန် လိုအပ်သည်ဟု ပြောကြားခဲ့သည်။

လက်ရှိနှုန်းအတိုင်းသာ ကူးစက်ပျံ့နှံ့နေပါက ဗြိတိန်နိုင်ငံ၏ ကျန်းမာရေးနှင့် စီးပွားရေးတို့တွင် ဆိုးကျိုးများ သက်ရောက်နိုင်သည်ဟု စိုးရိမ်နေကြသည်။

**အင်န်အိတ်ချ်ကေ**



လန်ဒန်မြို့၌ တတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုခံယူရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

# ဂျာမနီနိုင်ငံ၌ ကိုဗစ် -၁၉ ကို တိုက်ဖျက်ရန် တတိယအကြိမ် ကာကွယ်ဆေးအလျင်အမြန်ထိုးပေးသည့် အစီအစဉ် ပြုလုပ်သွားမည်

**ဘာလင် ဒီဇင်ဘာ ၁၇**

ဂျာမနီနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုကြောင့် ကျန်းမာရေးစနစ်ယိုင်လဲမသွားစေရေးအတွက် အပိုဆောင်း တတိယအကြိမ် ကာကွယ်ဆေး အလျင်အမြန် ထိုးပေးနိုင်ရေး အစီအစဉ်များချမှတ်လုပ်ဆောင်လျက်ရှိသည်ဟု ဂျာမနီကျန်းမာရေးဝန်ကြီး ကားလ်လက်တာဘတ်က ဒီဇင်ဘာ ၁၆ ရက်တွင် ပြောသည်။

အဓိကလက်နက်အဖြစ် တတိယအကြိမ် ကာကွယ်ဆေးထိုးပေးမှုများကို လျင်လျင်မြန်မြန်လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ၎င်းက ပြောသည်။ အစိုးရသည် ဖိုက်ဇာနှင့် မော်ဒါးနား ကာကွယ်ဆေးအလုံးရေ ၉၂ သန်းကို ဝယ်ယူနိုင်ရေးအတွက် ယူရို ၂ ဒသမ ၂ ဘီလီယံကို အသုံးပြုထားကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောသည်။

တိုင်းပြည်၏ ကာကွယ်ဆေးထိုးပေးသည့် အစီအစဉ်ကို မကြာသေးမီက လျင်လျင်မြန်မြန် လုပ်ဆောင်လာခဲ့သည်။ ဒီဇင်ဘာ ၁၅ ရက် တစ်ရက်တည်းတွင်ပင် ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၅ သန်းကို ထိုးနှံပေးနိုင်ခဲ့သည်ဟု ဂျာမနီကျန်းမာရေးဝန်ကြီးဌာနနှင့် ရောဘတ်ကို့ချ် အင်စတီကျူက ပြောသည်။

ဂျာမနီနိုင်ငံတွင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးခဲ့ပြီးဖြစ်သည်။ တတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသူ အရေအတွက်မှာ ၂၂ ဒသမ ၉သန်း ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# အီတလီနိုင်ငံ၌ အသက် ငါးနှစ်မှ ၁၁ နှစ်ကြား ကလေးများကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပေး

**ရောမ ဒီဇင်ဘာ ၁၇**

အီတလီနိုင်ငံ၌ အသက် ငါးနှစ်မှ ၁၁ နှစ်ကြား ကျန်းမာသည့် ကလေးများကို ဒီဇင်ဘာ ၁၆ ရက်တွင် ကာကွယ်ဆေးထိုးနှံပေးမှု စတင်နေပြီဟု သိရသည်။

ဒီဇင်ဘာ ၁ ရက်တွင် အီတလီနိုင်ငံဆေးအေဂျင်စီမှ အသက် ငါးနှစ်မှ ၁၁ နှစ်ကြား ကလေးများကို ကာကွယ်ဆေးထိုးပေးရန်အတွက် ထောက်ခံချက်ပေးခဲ့သည်။

ဥရောပဆေးအေဂျင်စီကလည်း နိုဝင်ဘာ ၂၅ ရက်တွင် အသက် ၁၂ နှစ်အောက်များကို ဖိုက်ဇာကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးရန် ထောက်ခံချက်ပေးခဲ့သည်။ ကလေးများကို ထိုးပေးသည့် ကာကွယ်ဆေးမှာ အရွယ်ရောက်ပြီးသူများကို ထိုးပေးသည့်ကာကွယ်ဆေး၏ သုံးပုံတစ်ပုံသာရှိသည်။

ကလေးများကို ကာကွယ်ဆေးထိုးပေးရာတွင် ပထမအကြိမ် ကာကွယ်ဆေးထိုးပြီးနောက် သုံးပတ်ခြားကာ ဒုတိယအကြိမ်ကာကွယ်ဆေးထိုးပေးမည်ဖြစ်သည်။ ဒီဇင်ဘာ ၁၆ ရက်အထိ အီတလီနိုင်ငံ၌ အသက် ၁၂ နှစ်နှင့်အထက် လူပေါင်း ၄၆ သန်း ကာကွယ်ဆေးအပြည့်ထိုးပေးပြီးဖြစ်သည်။

**ဆင်ဟွာ**




အီတလီနိုင်ငံ၌ အသက် ငါးနှစ်မှ ၁၁ နှစ်ကြား ကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

# ပါလက်စတိုင်း၌ အိုမီခရွန် ကူးစက်ခံရသူ သုံးဦးတွေ့ရှိ

**ရမ်မလာ ဒီဇင်ဘာ ၁၇**

ပါလက်စတိုင်း၌ အိုမီခရွန်ကူးစက်ခံရသူ သုံးဦးကို တွေ့ရှိခဲ့သည်ဟု ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၆ ရက်တွင် ပြောသည်။

အနောက်ဘက်ကမ်းဒေသတွင် ကူးစက်မှုကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ နိုင်ငံရပ်ခြားမှ အနောက်ဘက်ကမ်းသို့ ပြန်လာသူ သုံးဦးတွင် ကိုဗစ်-၁၉ မျိုးကွဲ အိုမီခရွန် ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါကူးစက်ခံရသူ သုံးဦးနှင့် ထိတွေ့မိသူများကို ခြေရာခံလိုက်ခြင်းများ ပြုလုပ်နေပြီဟုလည်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ယင်းနေ့အစောပိုင်းတွင်ပင် ပါလက်စတိုင်း၌ ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၃၄၉ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အနောက်ဘက်ကမ်းနှင့် ဂါဇာဒေသတို့တွင် ပြန်လည်ကျန်းမာလာသူဦးရေမှာ ၃၄၉ ဦးရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူ ၇၄၄၇ ဦးရှိ

**နယူးဒေလီ ဒီဇင်ဘာ ၁၇**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၄၄၇ ဦး ရှိလာသောကြောင့် ဒီဇင်ဘာ ၁၇ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၇၂၆၀၄၉ ဦးအထိရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၉၁ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၇၆၈၆၉ ဦးအထိ ရှိလာခဲ့သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၈၆၄၁၅ ဦး အထိရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၃၀ ကျဆင်းခဲ့သည်။

၂၀၂၀ ပြည့်နှစ် မတ်လမှစကာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အနည်းဆုံးဖြစ်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ဆင်းလာသူ ၇၈၈၆ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၃၄၁၆၂၇၆၅ ဦး ရှိလာပြီဖြစ်သည်။

ဆင်ဟွာ




အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ စစ်ဆေးနေသည်ကို တွေ့ရစဉ်။

# တောင်ကိုရီးယား၌ အိုမီခရွန်ဗိုင်းရပ်စ်သစ်ကူးစက်ခံရသူ ၁၅၁ ဦးအထိရှိ

**ဆိုးလ် ဒီဇင်ဘာ ၁၇**

တောင်ကိုရီးယားနိုင်ငံတွင် ဒီဇင်ဘာ ၁၆ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ပါက ၇၄၃၅ ဦး တိုးလာပြီးနောက် စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၅၁၅၅၁ ဦးအထိ ရှိလာခဲ့သည်။

နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယမန်နေ့ အမြင့်ဆုံးကူးစက်ဖြစ်ပွားသူအရေအတွက် ၇၆၂၂ ဦးထက် ကျဆင်းခဲ့သော်လည်း ၇၀၀၀ အထက် ရောက်ရှိခဲ့သည်မှာ သုံးရက်ဆက်တိုက်ရှိပြီဖြစ်သည်။

မကြာသေးမီက မြင့်တက်လာသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် ဆိုးလ်ဒေသ၏ ကိုဗစ်-၁၉ အစုလိုက်ကူးစက် ဖြစ်ပွားမှုကြောင့်ဖြစ်ကြောင်း သိရသည်။



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ကိုဗစ်-၁၉ စစ်ဆေးရေးစင်တာတစ်ခုကို တွေ့ရစဉ်။

ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၂၇၃၇ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ကာ ၂၁၄၇ ဦးမှာ ချုံဂီပြည်နယ်မှဖြစ်ပြီး ၅၆၅ ဦးမှာ အင်ချွန်မှ ဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် မြို့တော်မဟုတ်သော ဒေသတွင်လည်း ကူးစက်ပျံ့နှံ့လျက်ရှိပြီး အဆိုပါဒေသတွင် ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူ ၁၈၅၁ ဦး သို့မဟုတ် ၂၅ ဒသမ ၀ ရာခိုင်နှုန်း ရှိလာခဲ့သည်။

အိုမီခရွန်ဗိုင်းရပ်စ်သစ်ကူးစက်ခံရသူ ၁၅၁ ဦးအထိ ရှိလာခဲ့ပြီး ပြည်ပမှကူးစက်ဖြစ်ပွားသူ ၃၉ ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၁၂ ဦးဖြစ်ပြီး လွန်ခဲ့သော ရက်ကထက် သုံးဦးတိုးလာခဲ့ကြောင်း သိရသည်။ ပြည်ပကူးစက်ဖြစ်ပွားသူပေါင်း ၁၆၂၃၆ ဦး ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ခံထားရပြီး စိုးရိမ်ရသောအခြေအနေခံစားနေရသူ ၉၇၁ ဦးအထိ တိုးလာခဲ့ပြီး ယမန်နေ့ကထက် ၁၈ ဦး ကျဆင်းခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် ၇၃ ဦး ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်းသေဆုံးသူ ၄၅၉၁ ဦးအထိရှိလာခဲ့ပြီး သေဆုံးနှုန်းမှာ ၀ ဒသမ ၈၃ ရာခိုင်နှုန်းရှိသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် အစုလိုက်ကာကွယ်ဆေးထိုးမှုများ စတင်ပြုလုပ်ခဲ့ချိန်မှစကာ ယခုအချိန်အထိ လူပေါင်း ၄၃၃၀၀၅၉၅ ဦး စုစုပေါင်း နိုင်ငံ့လူဦးရေ၏ ၈၄ ဒသမ ၃ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခဲ့ပြီးဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသူပေါင်း ၄၁၉၃၉၀၆၅ ဦး သို့မဟုတ် ၈၁ ဒသမ ၇ ရာခိုင်နှုန်းရှိပြီဖြစ်ပြီး အပိုဆောင်းကာကွယ်ဆေးထိုးပြီးသူ ၉၇၈၁၁၆၄ သို့မဟုတ် ၁၉ ဒသမ ၀ ရာခိုင်နှုန်းရှိသည်။

ဆင်ဟွာ

## မလေးရှား၌ ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးပြီးသူပေါင်း ၇၉ ဒသမ ၅ ရာခိုင်နှုန်းရှိ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁၇**

မလေးရှားနိုင်ငံတွင် ဒီဇင်ဘာ ၁၆ ရက် ညသန်းခေါင်အချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၂၄၂ ဦးအထိ ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာစုစုပေါင်း ၂၇၀၇၄၀၂ ဦး ရှိလာပြီဖြစ်သည်။

အသစ်ထပ်မံ ကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများ အနက် ၃၆ ဦးမှာ ပြည်ပကူးစက်သူများ ဖြစ်ပြီး၄၂၆ ဦးမှာ ပြည်တွင်းကူးစက်သူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၃၇ ဦး ထပ်မံသေဆုံးခဲ့ရာ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူပေါင်းမှာ ၃၁၀၂၆ ဦး အထိ ရောက်ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၄၉၈၅ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၂၆၂၀၁၄၇ ဦး ရှိပြီဖြစ်သည်။

လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၅၆၂၉၉ ဦးရှိသည့်အနက် ၃၈၃ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသလျက်ရှိပြီး ၁၉၈ ဦးမှာ အသက်ရှူ အထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးပြီးသူပေါင်း ၇၉ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး အပြည့်အဝ ထိုးနှံပြီးသူပေါင်း ၇၈ ဒသမ ၂ ရာခိုင်နှုန်းအထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# ဖိလစ်ပိုင်နိုင်ငံ၌ အိုမီခရွန် ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားသူ နှစ်ဦးရှိ

**မနီလာ ဒီဇင်ဘာ ၁၇**

ဖိလစ်ပိုင်နိုင်ငံတွင် ဒီဇင်ဘာ ၁၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၈၂ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၈၃၇၄၆၄ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၇၄ ဦးထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူပေါင်း ၅၀၅၇၀ အထိ ရှိလာခဲ့သည်။

လွန်ခဲ့သောနှစ် ကိုဗစ်-၁၉ စတင်ဖြစ်ပွား ချိန်မှစကာ ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လှိုင်းဂယက်သုံးခု ရိုက်ခတ်ခြင်းကို ခံခဲ့ရသည်။

နောက်ဆုံး ကိုဗစ်-၁၉ လှိုင်းသည် စက်တင်ဘာလတွင် မြင့်တက်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက် တစ်နေ့တည်း ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ ၂၆၃၀၃ ဦးနှုန်းရှိ၍ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်း အမြင့်ဆုံး ဖြစ်ခဲ့သည်။

ကိုဗစ်-၁၉ စတင်ဖြစ်ပွားရာ မတ် ၁ ရက်မှစကာ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူစုစုပေါင်းမှာ သန်း ၁၀၀ ကျော်လွန်သွားပြီဖြစ်သည်။ ဒီဇင်ဘာ ၁၆ ရက်အထိ ၄၃ သန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးပြီးဖြစ်သည်။ ထို့အပြင် အစိုးရသည် နောက်ထပ် တစ်သန်းကျော်ကို အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် အိုမီခရွန် ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားသူ နှစ်ဦး ရှိလာပြီဖြစ်ပြီး နိုဝင်ဘာ ၂၄ ရက်မှစကာ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၀ အောက်ကျဆင်းခဲ့ကြောင်း ဒီအိုအိတ်ချ်က ဖော်ပြသည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံ ဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေ သန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၃ သန်း ကျော်လွန်လာပြီဖြစ်သည်။

ဆင်ဟွာ



မြို့တော်မနီလာ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် စောင့်နေသူများကို တွေ့ရစဉ်။

# အိုမီခရွန်ကူးစက်မှုမြင့်တက်လာချိန် သတိပြုရမည့်ဆောင်းရာသီ

ကေကေစိုး

**ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမထားကြသူများအတွက် ယခုနှစ်ဆောင်းတွင်း၌ အဖျားရောဂါပြင်းထန်ခြင်းနှင့် အသက်သေဆုံးသည်အထိဖြစ်လာနိုင်သည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် က ဒီဇင်ဘာ ၁၆ ရက်တွင် သတိပေးခဲ့သည်။**




### ကန့်သတ်ချက်ထုတ်ပြန်

ကိုဗစ်-၁၉ မျိုးကွဲအိုမီခရွန်ကူးစက်မှုမှာ တစ်ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးခြိမ်းခြောက်မှုတစ်ခုဖြစ်သည်ဟု ဂျီ- ၇ အဖွဲ့ကြီးက ပြောသည်။ ဗြိတိန်နိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်မှုပေါင်း ၈၈၀၀၀ ကျော် တွေ့ရှိပြီးနောက် ပြင်သစ်နိုင်ငံအနေဖြင့် ၎င်းတို့နိုင်ငံသားများ ဗြိတိန်နိုင်ငံသို့ သွားရောက်ခြင်းမပြုကြရန် ခရီးသွားလာမှုကန့်သတ်ချက် ထုတ်ပြန်ခဲ့သည်။ ဗြိတိန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုစံချိန်တင်များပြားနေသည်မှာ နှစ်ရက်ဆက်တိုက်ရှိပြီဖြစ်သည်။

### ကူးစက်မှုလျင်မြန်

အိုမီခရွန်ကူးစက်မှုမှာ မည်မျှထိလျင်မြန်သည်ကို သိပ္ပံပညာရှင်များ သေချာစွာ မသိရှိနိုင်သေးချေ။ သို့သော်လည်း အစောပိုင်းအချက်အလက်များအရ အိုမီခရွန်မှာ ကာကွယ်ဆေးကို ပိုမိုခုခံနိုင်ပြီး ဒယ်လ်တာထက် ပို၍ကူးစက်မှုလျင်မြန်သည်ဟု သိရသည်။ အိုမီခရွန်ကူးစက်မှုမှာ နိုင်ငံပေါင်း ၇၇ နိုင်ငံသို့ ကူးစက်ပျံ့နှံ့သွားပြီဖြစ်ကြောင်း ယခုသီတင်းပတ်အစောပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကပြောသည်။ ယခင်ဗီဇပြောင်းထက်ပို၍ ကူးစက်မှုလျင်မြန်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

### အကြံပြုထား

ကမ္ဘာ့နေရာအနှံ့အပြားမှ နိုင်ငံများသည် ၎င်းတို့နိုင်ငံသားများ နိုင်ငံရပ်ခြားသို့ခရီးသွားလာခြင်းမပြုကြရန် အကြံပြုထားကြပြီး အိုမီခရွန်ကူးစက်မှုမှ ကာကွယ်နိုင်ရေးအတွက် စည်းကမ်းတင်းကျပ်မှုများလည်း လုပ်ဆောင်ထားကြသည်။ ထို့ပြင် ကိုဗစ် – ၁၉ ကာကွယ်ဆေးကို အပိုဆောင်းအဖြစ် တတိယအကြိမ် ထိုးပေးနိုင်ရေးအတွက်လည်း ဦးတည်ဆောင်ရွက်လာကြသည်။

### မီးမောင်းထိုးပြလျက်ရှိ

အိုမီခရွန် ပေါ်ပေါက်လာခြင်းမှာ တစ်ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးအတွက် ခြိမ်းခြောက်မှုကြီးဖြစ်ပြီး နိုင်ငံအများအပြားအနေဖြင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များ ဖလှယ်ရန်တို့အတွက် ပိုမိုအရေးကြီးကြောင်း မီးမောင်းထိုးပြလျက်ရှိသည်ဟု ဂျီ-၇အဖွဲ့ကြီးက ဒီဇင်ဘာ ၁၆ ရက်တွင် ပြောသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသူ ပြည်သူများကို တတိယအကြိမ်ကာကွယ်ဆေးထိုးရန်အတွက် တိုက်တွန်းခဲ့သည်။ ကိုဗစ် -၁၉ ကူးစက်ခြင်းမှ ကာကွယ်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ ကာကွယ်ဆေးထိုးခြင်းပင်ဖြစ်သည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။

### အထူးအာရုံစိုက်သွားမည်

၎င်းတို့အစိုးရအဖွဲ့အနေဖြင့် သီးခြားကန့်သတ်ချက်မျိုးပြုလုပ်ရန် မရည်ရွယ်သော်လည်း ကာကွယ်ဆေးထိုးခြင်းအပေါ်တွင်မူ အထူးအာရုံစိုက်သွားမည်ဟု အိမ်ဖြူတော်တွင် အမေရိကန်သမ္မတက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသားများ ကာကွယ်ဆေးထိုးကြရန်နှင့် နှစ်ကြိမ်ထိုးပြီးသားများလည်း အပိုဆောင်း နောက်တစ်ကြိမ်ထိုးကြရန် တွန်းအားပေးဆောင်ရွက်သွားမည်ဟု အိမ်ဖြူတော် လက်ထောက်ပြောရေးဆိုခွင့်ရှိသူ ကရိန်းယန်း ပီရက်ဇ်က ပြောသည်။

### စိုးရိမ်စရာအခြေအနေ

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကြောင့် အထိခိုက်ရဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး လက်ရှိတွင်ကိုဗစ် -၁၉ကြောင့် တစ်ရက်အတွင်း ပျမ်းမျှအားဖြင့်လူပေါင်း ၁၁၅၀ သေဆုံးလျက်ရှိသည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ အချက်အလက်များအရ သိရသည်။ ဒီဇင်ဘာလ ပထမနှစ်ပတ်အတွင်း ကိုဗစ် – ၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ အမေရိကန်ပြည်ထောင်စုတွင် ၃၅ ရာခိုင်နှုန်းများပြားလျက်ရှိသည်။ အိုမီခရွန်ကူးစက်မှုမှာ ဗြိတိန်နိုင်ငံအတွက်လည်း စိုးရိမ်စရာအခြေအနေဖြစ်နေခဲ့သည်။

### စိုးရိမ်နေရ

ပြီးခဲ့သည့်နှစ်အတွင်းကလည်း အယ်လ်ဖာမျိုးကွဲကြောင့် ဗြိတိန်နိုင်ငံတွင် ခရစ္စမတ်ပွဲများ ကျင်းပရာတွင် အနှောင့်အယှက်အဟန့်အတားများ ဖြစ်ခဲ့ရသည်။

ယခုနှစ်တွင်မူ ကွဲပြားခြားနားမှုရှိလိမ့်မည်ဟု ဗြိတိန်အစိုးရက ယူဆခဲ့သည်။ သို့သော်လည်း ကူးစက်မှုများမှာ စံချိန်တင်များပြားလာခဲ့သည်။ ခရစ္စမတ်ကာလပွဲတော်ရာသီအတွင်း အိုမီခရွန်ကူးစက်မှုများကြောင့် ဆေးရုံတက်ရသည့်အရေအတွက်များပြားလာပြီးဆေးရုံများတွင် ဝန်ထုပ်ဝန်ပိုးဖြစ်လာမည်ကို စိုးရိမ်နေကြရသည်။

### ဖျက်သိမ်းခဲ့ရ

ဗြိတိန်နိုင်ငံသား အများအပြားသည်လည်း ၎င်းတို့၏ အစီအစဉ်များကို ပြောင်းလဲနေရသည်။ ဗြိတိန်ဘုရင်မကြီးအဲလစ်ဇဘတ် (၂)သည်ပင်လျှင် လာမည့်သီတင်းပတ်အတွင်း ခရစ္စမတ်အကြိုမိသားစုနေ့လယ်စာစားပွဲကို ဖျက်သိမ်းခဲ့ရသည်။ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ယင်းကဲ့သို့စုဝေးမှုမျိုး ဆက်လက်ပြုလုပ်နိုင်သည်ဟု ပြောထားသည့်ကြားမှပင် ကြိုတင်ကာကွယ်မှုအတွက် ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ပရီမီယာလိဂ် ဘောလုံးပွဲစဉ် ခြောက်ခုမှာလည်း ဒီဇင်ဘာ ၁၆ ရက်က ရွှေ့ဆိုင်းခဲ့ရသည်။ ဗြိတိန်နိုင်ငံတွင် ကူးစက်မှုများ များပြားနေစဉ် ဒီဇင်ဘာ ၁၆ ရက်တွင် ဗြိတိန်နိုင်ငံမှ ပြင်သစ်နိုင်ငံသို့ ပြေးဆွဲသည့် အရေးတကြီးမဟုတ်သည့် ခရီးစဉ်များအားလုံးကို ပြင်သစ်နိုင်ငံက ဖျက်သိမ်းခဲ့သည်။

### ဖိအားများလျက်ရှိ

ဒီဇင်ဘာ ၁၇ ရက်မှစတင်ကာ ဗြိတိန်နိုင်ငံမှ ခရီးသွားများ ပြင်သစ်နိုင်ငံသို့လာရောက်လိုလျှင် အရေးကြီးသည့် အကြောင်းပြချက်လိုအပ်ပြီး ကာကွယ်ဆေးထိုးပြီးသားဖြစ်စေ မထိုးရသေးသည်ဖြစ်စေ သာမန်ခရီးသွားလာသည့် အကြောင်းပြချက်မျိုးဖြင့် ပြင်သစ်နိုင်ငံသို့ လာရောက်၍မရဟု သိရသည်။

ကနေဒါနိုင်ငံသည်လည်း ခရစ္စမတ် အားလပ်ရက်ကာလအတွင်း ၎င်းတို့နိုင်ငံသားများ နိုင်ငံခြားတိုင်းပြည်များသို့ ခရီးသွားလာခြင်းမှ ရှောင်ရှားကြရန် တိုက်တွန်းထားသည်။

ကိုဗစ်– ၁၉ မျိုးကွဲ အိုမီခရွန်မှာ စိုးရိမ်ဖွယ်ရာဖြစ်ပြီး လျင်လျင်မြန်မြန် ကူးစက်ပျံ့နှံ့နေကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ ကျန်းမာရေးစနစ်နှင့် လူမှုအဖွဲ့အစည်းများအပေါ်ဖိအားများ များလျက်ရှိကြောင်း အိုင်ယာလန်ဝန်ကြီးချုပ် မိုက်ကယ်မာတင်က ဘရပ်ဆဲလ်တွင် သတင်းထောက်များကိုပြောသည်။

### အတည်ပြုပေးခဲ့

စပိန်အစိုးရသည်လည်း အသက် ၄၀ နှင့် အထက်များကို ကာကွယ်ဆေးအပိုဆောင်း ထိုးနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ လက်ရှိတွင် အသက် ၆၅ နှစ်နှင့်အထက်များကို အပိုဆောင်း ကာကွယ်ဆေးထိုးပေးလျက်ရှိသည်။ ဖိုက်ဇာ ကိုဗစ်–၁၉ ဆေးတောင့်များကိုလည်း ဥရောပဆေးကြီးကြပ်သူများက အတည်ပြုပေးကြောင်း ဒီဇင်ဘာ ၁၆ ရက်တွင် ကြေညာခဲ့သည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် ကိုဗစ် -၁၉ မျိုးကွဲကူးစက်မှုများပြားလာသည့်အတွက် ယခုလို အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ ။

**ကိုးကား – အေအက်ဖ်ပီ**

**“ကမ္ဘာ့နေရာအနှံ့အပြားမှ နိုင်ငံများသည် ၎င်းတို့နိုင်ငံသားများ နိုင်ငံရပ်ခြားသို့ ခရီးသွားလာခြင်းမပြုကြရန် အကြံပြုထားကြပြီး အိုမီခရွန်ကူးစက်မှုမှ ကာကွယ်နိုင်ရေးအတွက် စည်းကမ်းတင်းကျပ်မှုများလည်း လုပ်ဆောင်ထားကြသည်။ ထို့ပြင် ကိုဗစ် - ၁၉ ကာကွယ်ဆေးကို အပိုဆောင်းအဖြစ် တတိယအကြိမ် ထိုးပေးနိုင်ရေးအတွက်လည်း ဦးတည်ဆောင်ရွက်လာကြ”**

## ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ၁၃–၁၂–၂၀၂၁ ရက်နေ့မှ ၁၇–၁၂–၂၀၂၁ ရက်နေ့အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ **ကျပ် ဝ ဒသမ ၅၁ဝ သန်း** ဖြစ်သည်။ ၁၇–၁၂–၂၀၂၁ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်–

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ကျပ် |
|---|---|
| ၁၀–၁၂–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၆၉,၉၃၇,၂၅၅,၁၄၂.၅၃ |
| (+) ၁၃–၁၂–၂၀၂၁ မှ ၁၇–၁၂–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၅၁၀,၀၀၀.၀၀ |
| ၁၇–၁၂–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၆၉,၉၃၇,၇၆၅,၁၄၂.၅၃ |

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁၀–၁၂–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၅,၈၆၂,၃၄၉.၅၃ |
| (+) ၁၃–၁၂–၂၀၂၁ မှ ၁၇–၁၂–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| ၁၇–၁၂–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၅,၈၆၂,၃၄၉.၅၃ |

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**

(၁၃–၁၂–၂၀၂၁ ရက်နေ့မှ ၁၇–၁၂–၂၀၂၁ ရက်နေ့ထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၁၆–၁၂–၂၀၂၁ | ၅၁၀,၀၀၀ |
| ၁ | ဦးဟုန်းငိုင်း+ဒေါ်ဝါဝါ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၂ | ဒေါ်ခင်ညိုဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| | | |
| | (၁၃–၁၂–၂၀၂၁ ရက်နေ့မှ ၁၇–၁၂–၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၅၁၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## ဒီဇင်ဘာ ၁၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁၇ ဦး တွေ့ရှိ

**ထပ်မံသေဆုံးသူ ၇ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၀၈ ဦးရှိ**

**ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုး နိုင်ငံပေါင်း ၉၂ နိုင်ငံ ပျံ့နှံ့**

(၁၇–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၇၀၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၁၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၄၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၇၂,၇၀၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၂၇,၉၃၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၇၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၄,၈၅၆) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၂၀၈) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၇–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၆၃) ခု | (၃၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများ တွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၈) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၃) ခု | – |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆၈) ခု | – |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၅) ခု | – |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃) ခု | (၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၅၄၀) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၁၂) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၈၉၆) ခု | (၁၆၉) ဦး |
| စုစုပေါင်း | (၁၄,၇၀၈ ) ခု | (၂၁၇) ဦး |

- ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)ရောဂါပိုးသည် (၁၇–၁၂–၂၀၂၁) ရက်နေ့ (၁၇:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၉၂) နိုင်ငံတို့တွင်ပျံ့နှံ့လျက်ရှိကာ အတည်ပြုလူနာစုစုပေါင်း (၂၇,၀၄၂) ဦးရှိပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ နီပေါနိုင်ငံနှင့် မော်လ်ဒိုက်နိုင်ငံတို့တွင်လည်း ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျ ရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# တန့်ဆည်မြို့နယ်၌ PDF အကြမ်းဖက်လက်နက်ကိုင်များ၏ ရက်စက်စွာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ မီးရှို့ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး လေးဦးတို့ သေဆုံးခဲ့ပြီး နေအိမ်တစ်လုံး မီးလောင်ပျက်စီး

နေပြည်တော် ဒီဇင်ဘာ ၁၇

**စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်၌ PDF အကြမ်းဖက်လက်နက်ကိုင်များ၏ ရက်စက်စွာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ မီးရှို့ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး လေးဦးတို့ သေဆုံးခဲ့ပြီး နေအိမ်တစ်လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။**

**ကြောက်ရွံ့၍ ထွက်ပြေး**

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၂ နာရီ မိနစ် ၂၀ တွင် တန့်ဆည်မြို့နယ် ဒေါင့်ကြီး ကျေးရွာအတွင်းသို့ PDF အကြမ်းဖက် လက်နက်ကိုင်အဖွဲ့အင်အား (စိစစ်ဆဲ)တို့က လက်နက်များ ကိုယ်စီကိုင်ဆောင်ကာ ဝင်ရောက်လာသဖြင့် အေးချမ်းစွာနေထိုင်လျက်ရှိသော ကျေးရွာနေပြည်သူ အများစုသည် အကြမ်းဖက်သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုများကို ကြောက်ရွံ့၍ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

ထိုသို့ ထွက်ပြေးတိမ်းရှောင်ကြရာ အသက်အရွယ်ကြီးရင့်၍ သွားလာလှုပ်ရှားရန် မလွယ်ကူသည့် အဆိုပါကျေးရွာနေ ဦးကျော်စိုး (၆၇)နှစ် (ဘ) ဦးဖိုးသိုးနှင့် ၎င်း၏ မိသားစုဝင်များဖြစ်ကြသော ဒေါ်ခင်လှိုင် (၆၅) နှစ် (ဘ) ဦးဂျမ်း၊ ဒေါ်လှိုင်စိုး(၄၅)နှစ် (ဘ) ဦးကျော်စိုးနှင့် ဒေါ်ဂျမ်းတော(၈၅) နှစ် (ဘ) ဦးကျောက်ခဲ၊ ဒေါ်ခင်ဆွေမြင့်(၇၄)နှစ် (ဘ) ဦးကျောက်ခဲ တို့သည် ၎င်းတို့၏ နေအိမ်များ၌ ပုန်းအောင်းလျက်ရှိစဉ် အကြမ်းဖက်သမားများက နေအိမ်များ အတွင်း ဝင်ရောက်ကာ "သတင်းပေး၊ ဒလန်"ဟု စွပ်စွဲပြောဆို၍ ရက်စက်စွာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။

**သေနတ်ထိမှန် သေဆုံး**

အကြမ်းဖက် သမားများ၏ ထိုကဲ့သို့ ရက်စက်စွာပစ်ခတ်သတ်ဖြတ်ခဲ့မှုတို့ကြောင့် ဦးကျော်စိုးနှင့် မိသားစုဝင်များဖြစ်ကြသော ဒေါ်ခင်လှိုင်၊ ဒေါ်လှိုင်စိုးတို့ သုံးဦးမှာ နေအိမ်အတွင်း မီးလောင်သေဆုံးခဲ့ပြီး ဒေါ်ဂျမ်းတောနှင့် ဒေါ်ခင်ဆွေမြင့်တို့ နှစ်ဦးမှာ ခန္ဓာကိုယ်အနှံ့ သေနတ်ထိမှန် ဒဏ်ရာများဖြင့် သေဆုံးခဲ့သည့်အပြင် ဦးကျော်စိုး ပိုင်ဆိုင်သည့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ်တစ်လုံး (တန်ဖိုးစိစစ်ဆဲ)တို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

**ရက်စက်စွာသတ်ဖြတ်**

ထိုကဲ့သို့ ကျေးရွာနေပြည်သူများ အကြောက်တရားလွှမ်းမိုးစေရန်၊ ၎င်းတို့၏ အကြမ်းဖက်မှုလုပ်ရပ်များအပေါ် ပူးပေါင်းပါဝင်လာစေရန်နှင့် ပူးပေါင်းပါဝင်မှု မရှိဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသော ကျေးရွာနေပြည်သူများအား အကြောင်းအမျိုးမျိုးပြ၍ ရက်စက်စွာသတ်ဖြတ်၊ မီးရှို့ခြင်းများ ကျူးလွန်သည့်အပြင် ယခုကဲ့သို့ အသက်အရွယ်ကြီးရင့်၍ သွားလာ၍ခက်ခဲသော လူကြီးမိဘများအား ရက်စက်စွာသတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံ တပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ဒေါ်ဂျမ်းတော(သေဆုံး)



ဒေါ်ခင်ဆွေမြင့်(သေဆုံး)

တန့်ဆည်မြို့နယ် ဒေါင့်ကြီးကျေးရွာ၌ PDF အကြမ်းဖက် လက်နက်ကိုင်အဖွဲ့၏ မီးရှို့မှုကြောင့် မီးလောင်သည့် နေအိမ်နှင့် အပြစ်မဲ့သေဆုံးသူများကို တွေ့ရစဉ်။



ဦးကျော်စိုး(သေဆုံး)



ဒေါ်ခင်လှိုင်(သေဆုံး)



ဒေါ်လှိုင်စိုး(သေဆုံး)

# ပလက်ဝမြို့နယ် ကနောင်ကျေးရွာမှ ခူမီးလူမျိုးများကို PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

အကြမ်းဖက်အဖွဲ့များ ဖြစ်သည့် CRPH ၊ NUG နှင့် ၎င်းတို့၏ သြဇာခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့ ထောက်ခံအားပေးသည့် ပါတီ၏ ဥပဒေမဲ့လုပ်ရပ်များကို မျက်ကွယ်ပြု၍ ၎င်းတို့ပါတီအား ထောက်ခံခြင်းမပြုသည့် အပြစ်မဲ့ပြည်သူလူထုများကို အကြမ်းဖက်သတ်ဖြတ်ခြင်း၊ နေအိမ်အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း စသည်တို့ကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာတွင် ငါနှင့်မတူ ငါ့ရန်သူဟု သဘောထားပြီး ရိုးသားသည့် တိုင်းရင်းသားမျိုးနွယ်စုများကိုပါ ပစ်မှတ်ထား၍ သတ်ဖြတ်မှုများကို လုပ်ဆောင်လာခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်တွင် ချင်းပြည်နယ် ပလက်ဝမြို့နယ် ကနောင်ကျေးရွာမှ ရိုးသားစွာ နေထိုင်ကြသည့် ခူမီးလူမျိုးများကို PDF အမည်ခံအကြမ်းဖက်သမားများက လာရောက်ဖမ်းဆီးခေါ်ဆောင်ပြီး အကြောင်းမဲ့ သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။



ပလက်ဝမြို့နယ် ကနောင်ကျေးရွာမှ ရွာသား ဦးဝါယောင်း(၄၇)နှစ် ခူမီးလူမျိုးအား PDF အဖွဲ့က လက်နက်ဖြင့် ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်မှာ ပလက်ဝမြို့နယ် ကနောင်ကျေးရွာသို့ PDF အမည်ခံ အကြမ်းဖက် သမားများသည် ဒီဇင်ဘာ ၁၆ ရက် ညနေ ၅ နာရီခန့်တွင် လက်နက်ကြီး/ လက်နက်ငယ်များ ကိုင်ဆောင်၍ မော်တော်ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး ကျေးရွာနေ အကြီးတန်းအင်ဂျင်နီယာ တစ်ဦးဖြစ်သည့် ဦးနေလင်းဦးနှင့် ခူမီးလူမျိုးများဖြစ်ကြသည့် ဦးဝါယောင်းအပါအဝင် ခြောက်ဦး စုစုပေါင်း ခုနစ်ဦးကို လက်ပြန်ကြိုးတုပ်ရိုက်နှက်ကာ ကျေးရွာ၏ မြောက်ဘက် တစ်ဖာလုံခန့် အကွာသို့ အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်၍ လက်နက်ငယ်များဖြင့် ပစ်သတ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်မှုကြောင့် ဦးနေလင်းဦး အပါအဝင် ကျေးရွာသား ခြောက်ဦး သေဆုံးခဲ့ပြီး ဦးဝါယောင်းသည် လက်နက်ငယ် ထိမှန်ဒဏ်ရာများဖြင့် ယနေ့နံနက် ၄ နာရီခန့်တွင် ကျေးရွာသို့ ပြန်လည် ရောက်ရှိလာသဖြင့် ဆမီးမြို့ တိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။

အထက်ပါ ဖြစ်စဉ်တွင် အေးချမ်းစွာနေထိုင်လျက်ရှိသည့် တိုင်းရင်းသား ပြည်သူများအား အကြောင်းမဲ့ ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကို အမြန်ဆုံး ဖမ်းဆီးရမိရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက် ထောက်ပံ့နေသူများအား ပြစ်ဒဏ်အသီးသီးချမှတ်

နေပြည်တော် ဒီဇင်ဘာ ၁၇

**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂၄) ရပ်ကွက်နေ ရာအိမ်မှူးတစ်ဦးကို ဇူလိုင် ၂၈ ရက်တွင် ထက်ပိုင်စိုး(ခ)ဖိုးထက် (ဘ)ဦးစိုးသန့် အပါအဝင် အမျိုးသားငါးဦးတို့သည် သေနတ်ဖြင့် ဝိုင်းဝန်းလုပ်ကြံပစ်ခတ်ခဲ့သဖြင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)/ ၅၄ အရ ဒီဇင်ဘာ ၁၆ ရက်တွင် ၎င်းတို့ငါးဦးအား "သေဒဏ် " အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။**



တရားခံ
အောင်ပိုင်(ခ)ဖိုးကဲ



ထက်ပိုင်စိုး(ခ)ဖိုးထက်၊ ဝေယံထွန်း (ခ)ဝေယံနှင့်
ကျော်ကျော်မင်းခန့်(ခ)မင်းခန့်(ခ)ဖက်တီး (ဝဲမှယာ)

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ်(၁၃)ရပ်ကွက်၊ မိတ္ထီလာလမ်းနေ အောင်ပိုင် (ခ) ဖိုးကဲ (ဘ) ဦးအောင်ကျော်ဆန်းသည် ဖေဖော်ဝါရီလမှ နိုဝင်ဘာလအတွင်း ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် တက်ကြွစွာပါဝင်လှုပ်ရှားခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁) ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံထောက်ပံ့ခြင်းများကို ဆောင်ရွက်ခဲ့သဖြင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည)၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က(က)အရ ဒီဇင်ဘာ ၁၆ ရက်တွင် ၎င်းအား "ထောင်ဒဏ်တစ်သက် " ပြစ်ဒဏ်အမိန့် ချမှတ်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများ အနက်မှ ထွက်ပြေးလွတ်မြောက်နေသူများအား ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာအတွင်း အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အစည်းအဝေးပြုလုပ်နေသည့် အကြမ်းဖက်သမားများအား ဝင်ရောက်ဖမ်းဆီး

နေပြည်တော် ဒီဇင်ဘာ ၁၇

**မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာ၌ ဒေသခံပြည်သူများ၏ ထောက်ခံအားပေးမှုမရှိဘဲ ရောက်ရှိနေသည့် CNF နှင့် PDF၊ YDF အမည်ခံ အကြမ်းဖက်သမားများကို ယနေ့ညနေပိုင်းတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဝင်ရောက်ဖမ်းဆီးခဲ့သည်။**

ဂန့်ဂေါမြို့နယ်၊ နှမ်းခါးကျေးရွာအတွင်း အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အစည်းအဝေးပြုလုပ်နေသည့် အကြမ်းဖက်သမားများအား ဝင်ရောက်ဖမ်းဆီးခဲ့သည့်နေရာပြပုံ




ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းတွင် CNF နှင့် PDF၊ YDF အမည်ခံ အကြမ်းဖက်သမား ခေါင်းဆောင်အချို့ပါဝင်သည့် အင်အား ၁၀၀ ခန့်သည် ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာအတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် အစည်းအဝေးပြုလုပ်ရန် စီစဉ်ခဲ့ရာ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ ကျေးရွာသားများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် စိုးရိမ်မှုများဖြစ်ပေါ်လျက်ရှိပြီး ရွာအတွင်းမပြုလုပ်ရန် နည်းမျိုးစုံဖြင့် တားဆီးတောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။ သို့သော် အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာ၏ တောင်းဆိုမှုအပေါ် လျစ်လျူရှု၍ မွန်းလွဲ ၁နာရီခန့်တွင် အစည်းအဝေးကို ဇွတ်အတင်း ပြုလုပ်ခဲ့ရာ ကျေနပ်မှုမရှိသော ကျေးရွာသားအချို့က ကျေးရွာနှင့် အနီးဆုံးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ ထံသို့ လျှို့ဝှက်အကြောင်းကြား သတင်းပေးပို့လာခဲ့သဖြင့် ၎င်းတို့ အစည်းအဝေးပြုလုပ်သည့် နေရာအား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်တွင် စီးနင်းဝင်ရောက်ခဲ့ရာ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာ၏ အရှေ့ဘက် မြစ်သာမြစ်ကို ဖြတ်ကူး၍ ဖရိုဖရဲဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အပြစ်မဲ့ပြည်သူနှင့် ၎င်းတို့၏ နေအိမ်အဆောက်အအုံများထိခိုက်မှုမရှိစေရေး သတိပြုရှောင်ရှား ဆောင်ရွက်ခဲ့မှုကြောင့် ဖြစ်စဉ်တွင် ကျေးရွာသူ ကျေးရွာသားများ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အကြမ်းဖက်သမားများထံမှ အားကစားဝတ်စုံ ဝတ်ဆင်ထားသည့် အကြမ်းဖက်သမား အလောင်းခြောက်လောင်း၊ ပစ္စတို နှစ်လက်၊ ခေါက်ချိုး တစ်လုံးထိုးသေနတ် ငါးလက်၊ တူမီးသေနတ် သုံးလက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာအချို့အတွင်း ဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ဒေသခံပြည်သူများ အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေ လုံခြုံရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ ဝင်ထွက်သွားလာမှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး၍ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ကြရန် သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပေါက်မြို့နယ် ကျောက်တိုင်ခင်ကျေးရွာအနီးရှိ လက်ပံတို(ဖလံကိုင်း)ရေနံမြေမှ ရေနံစည်ပေါင်း ၁၂၀၀၀ ကျော် မီးလောင်ပျက်စီးဆုံးရှုံး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကျောက်တိုင်ခင်ကျေးရွာအနီးရှိ လက်ပံတို(ဖလံကိုင်း) ရေနံမြေမှ ရေနံမြေသံကန်တန်း အမှတ်(၂) ရှိ ရေနံသိုလှောင်ကန်ကို ဒီဇင်ဘာ ၁၆ ရက် ည ၁၀ နာရီ ၁၀ မိနစ်တွင် အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ရေနံမြေမှ တာဝန်ရှိသူများက မီးသတ်ယာဉ် နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ရေနံစည်ပေါင်း ၁၂၀၉၂ စည်နှင့် သံကန်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၇၄ သိန်းခန့်) မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပေါက်မြို့နယ်၊ လက်ပံတို (ဖလံကိုင်း) ရေနံမြေရှိ ရေနံမြေသံကန်တန်း အမှတ်(၂)အား အကြမ်းဖက်အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ သမီးကောင်းရတနာ ဒေါက်တာ ဒေါ်ဝင့်ဝင့်မြိုင်သို့



လူနာကို တာဝန်ယူ
ကြည်ဖြူစွာ ကုသဖို့တဲ့
ဂျိန်းဖောလား၊ လီရှောလား
ပလောင်နဲ့ ရှမ်းစကားတွေ
သင်ကြားခဲ့ ပြောနိုင်သူ
သူလိုလူ ဆရာဝန်ကောင်း။

ကျေးလက်နဲ့တောင်ပေါ်
တောအနှံ့ လျှိုမြောင်ကြား
ချောက်ကမ်းပါးတွေ ဖြတ်ကျော်
နှင်းစိုတဲ့လက်ဖက်ခင်း
ထင်းရှူးတောမိုးစက်တွေကြား
လူနာဆီ ရောက်အောင်သွားလို့
ရောဂါတွေ ကာကွယ်
ကျန်းမာအောင်ကုသလို့
တာဝန်ကျေ ဝန်ထမ်းကောင်းရေ။

၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉
သုံးနှစ်လုံး ဆက်တိုက်မှာ
စံပြမြို့နယ်ဆေးရုံဆု
ရခဲ့အောင်စွမ်းဆောင်သူ
ရှမ်းမြေရဲ့ဂုဏ်ဆောင်သူက
မြို့ပေါ်မှာ ကျေနပ်မနေ
ကျေးလက်ကို အရောက်သွား
ထင်းမီးခိုးတဝေဝေ
တောင်ပေါ်ရွာ မီးဖိုနားက

ဒူဝါနဲ့ ပူမိန်း၊ သူကြီးနဲ့ ရွာခေါင်းတွေ
ကလေးအမေ မကျန်ရ
အတူနေ အတူစားလို့
တိုင်းရင်းဆွေ အမျိုးတွေနဲ့
ချစ်ခဲ့သူ ဆရာဝန်ရေ။

၂၀၂၁ ဒီဇင်ဘာ ၁၄
အမှောင်ဖုံး ဆည်းဆာမှာ
မင်းကြွေလွင့်ခဲ့ပါရ
ကွတ်ခိုင်မြေ မုံးစီးနဲ့
ရှမ်းမြောက် မြေတစ်ခွင်လုံးမှာ
မင်းအတွက်မျက်ရည်တွေ
ရွှေလီနဲ့အပြိုင်စီး။

နော်မန်ဗက်သွန်း
အဲဘတ်ရှိုင်ဇာ
ဒီကမ္ဘာမှာ အမြဲရှိသလို
မင်းရုပ်ခန္ဓာ ခွဲခွာသွားလဲ
တာဝန်ကျေစွာ
ထမ်းဆောင်နေစဉ်
ကြွေလွင့်ရသူ
ဆေးဝန်ထမ်းကောင်း
မင်းအကြောင်းကို
ငါတို့မြန်မြေ
ပြည်ထောင်စုတစ်လွှား
နှလုံးသားများမှာ
သိမ်းဆည်းရတနာ
လေးမြတ်စွာနဲ့
ဦးညွှတ်နေမယ်
ထာဝရအစဉ်။ ။

(၁၄-၁၂-၂၀၂၁ ရက်နေ့ မုံးစီး- တာမိုးညဲလမ်း၊ မော်ဟန်နှင့် နောင်ချို ရွာအကြားတွင် ရိုင်းစိုင်းရက်စက်သူ အကြမ်းဖက်ဝါဒီများ၏ အနီးကပ် ပစ်ခတ်သတ်ဖြတ်မှုကြောင့် ဦးခေါင်းနှင့် ခန္ဓာကိုယ်တွင် ကျည်ဝင် ဒဏ်ရာ ၅ ချက်ဖြင့် ကြွေလွင့်ခဲ့ရသူ ကွတ်ခိုင်မြို့နယ် ဆရာဝန်ကြီး ဒေါက်တာဒေါ်ဝင့်ဝင့်မြိုင် အသက်(၅၀) နှစ်၏ ကျန်ရစ်သူ မိခင်ကြီး၊ ညီမငယ်များနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း ဖော်ပြအပ်ပါသည်။)

လင်းအောင်
၁၇ ဒီဇင်ဘာ ၂၀၂၁ (၁၁၄၃)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၁၇**
တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိပြည်သူများ၊ အသက်၁၂နှစ်အထက်အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ် ၁၆ နယ်တို့၌ ဒေသခံပြည်သူ ၁၁၀၈၁ ဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၄၀ ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၉၇၁၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၈၄၉၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၃၅၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၆၅၆၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၉၇၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံ ပြည်သူ ၉၉၄၂ ဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၉၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။



ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နှင့် နမ္မတူမြို့တို့၌ ကျောင်းသား ကျောင်းသူ ၂၄၆၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၂၉၁ ဦး၊ ရခိုင်ပြည်နယ် မင်းပြားမြို့နှင့် မြေပုံမြို့တို့၌ ကျောင်းသား ကျောင်းသူ ၅၆၀၀ နှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၄၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**
ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကိုနယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်းသုံးဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကိုရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၁၂-၂၀၂၁ စနေနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ရတနသုတ်၊ဗောဇ္ဈင်္ဂသုတ် အနတ္တလက္ခဏသုတ်ပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** Weekly Sport Info
- **၀၈:၃၅** အုံ့ဖွယ်အထူးထူးတောင်တော်ဦး ဖူးစို့ကြုံဆောင်ဇလုံတောင်
- **၀၉:၁၅** နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
- **၀၉:၄၀** ခေတ်အလိုက်ကြေးမုံပြင်
- **၁၂:၃၀** သင့်သဘောအတိုင်းပါပဲ တရားတော်
- **၁၃:၃၀** MRTV National News
- **၁၄:၄၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'မဟာမျက်နှာဖုံး'** (အပိုင်း-၃၀)(ဇာတ်သိမ်း)
- **၁၅:၂၅** ရင်ဝယ်ပေါက်ဖွားအနုပညာစွမ်းအား မြင့်မားဂုဏ်အင်ဂန္ထဝင်အနုပညာရှင် (အပိုင်း-၂)
- **၁၆:၃၀** ၂၀၁၃ ဆီးဂိမ်းအမှတ်တရအစီအစဉ် (ဝိတ်ပွဲအခမ်းအနား)(အပိုင်း-၄)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သုတဝေဖြာသီရိဂေဟာ
- **၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့ လျှို့ဝှက်ချက်'** (အပိုင်း-၄၆)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ဖိုးဖိုးဖွားဖွားတို့အငြိမ့်

**သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

- **07:01** News
- **07:26** Global Partnership for Brighter Future: Egypt Pavilion at Expo 2020 Dubai
- **07:32** Shwedagon Buddha Museum
- **08:01** Weekly Review
- **08:17** Myanmar Master Class "Still Life" (Fruit)
- **08:23** Daingnak Style
- **08:36** Dat Taw Gyaik Waterfall
- **08:39** Myanmar Designer Studio: Tatee
- **09:01** Quiz Time!
- **10:01** Dances of Myanmar "Muun Traditional Dance"
- **10:05** Strolling Along A Memory Link - U Pein Bridge
- **10:24** Myanmar's Traditional Ceramics

**MRTV NRC**

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ပဲခူးမြို့ဟသ်ာကုန်းစေတီသို့အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
လူသားအားလုံးကျန်းမာဖို့ နဂါးမောက်သီး စားကြစို့

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဘိုးဘိုးကြီးနှင့် ယုံကြည်ကိုးကွယ်မှု

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ကိုဗစ်-၁၉ကာကွယ်ဖို့အတွက် နှာခေါင်းစည်းများချုပ်ကြပါစို့

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
မုန့်ညင်းစေ့တစ်ခွက်နဲ့ ခံတွင်းမြိန်

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်ရိုးရာတူရိယာ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ရခိုင်တိုင်းရင်းသားတို့ရဲ့ ချစ်စရာ ရိုးရာအိမ်ကလေး

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရှမ်းဘာသာစကား ပြောကြရအောင်(အပိုင်း-၅)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
မယ်ဇလီဖူးသုပ် အကြောင်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
မူလာရိုးဒီးကျေးရွာနှင့် ပတ်ဝန်းကျင်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ပန်ပက်ကျေးရွာမှ ကယန်းတိုင်းရင်းသားများ

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အတုမှန်းသိလျက်လက်ရှိထားမှု'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ၊ အပိုင်း-၁)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel** MRTV FARMERS' တို့ နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ **Education Channel** တို့ ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှအဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း/လေဆိပ်များ၊ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီ သုံးခု၊ ယာဉ်ရှစ်စီးဖြင့် အိမ်သုံးအောက်ဆီဂျင်စက် Oxygen Concentrator ၂၅ ခု၊ COVID Test Kit ၁၉၅၇ ခု၊ လက်အိတ်သုံးတန်နှင့် နှာခေါင်းစည်း (Mask) တန် ၅၀ တို့ကို တင်သွင်းခဲ့သည်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက် ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၁၂ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၀၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၀၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၄၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၆၅/၁၂၉၀ ကျပ် | ၁၂၉၀/၁၃၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၇၅/၁၃၀၀ ကျပ် | ၁၃၀၅/၁၃၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၉၀/၁၃၁၅ ကျပ် | ၁၃၄၀/၁၃၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၄၀/၁၃၆၅ ကျပ် | ၁၄၄၅/၁၄၇၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၄ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၂ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၃၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၅ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၁ . ၅၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၈ . ၉၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၃၇၀ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၃၀၀ | ၇၃ | ၅၉၂၉၀၀ |
| MTSH | ၃၀၅၀ | ၃၁၀၀ | ၆၀၇ | ၁၈၅၂၃၅၀ |
| MCB | ၇၇၀၀ | ၈၀၀၀ | ၅၁ | ၃၉၉၀၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၃၂၈ | ၆၃၃၂၅၀၀ |
| TMH | ၂၆၀၀ | ၂၇၀၀ | ၃ | ၇၉၀၀ |
| EFR | ၂၉၀၀ | ၂၉၀၀ | ၂၅ | ၇၂၅၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-**စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သမဝါယမ၏ဂုဏ်ဆောင် မဝေးတော့သည့်အနာဂတ်မှာ ထုတ်လုပ်တော့မည့် ချိုမြိန်စရာ နို့ချက်စက်ရုံ မန္တလာ

မင်းခလုင်(သမ/ဦးစီး)

မြန်မာနိုင်ငံသည် ရာသီဥတုမျှတပြီး ရေမြေသဘာဝ၊ မြေဆီမြေသြဇာ ပြည့်ဝ၍ ရေခံမြေခံကောင်းမွန်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ လက်ရှိနိုင်ငံတော်အစိုးရသည် ထိုအခြေခံကောင်းများအပေါ်မူတည်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်တွင်းရှိ ရပ်ဆိုင်းထားသည့် စက်ရုံ/ အလုပ်ရုံများ ပြန်လည်လည်ပတ်ပြီး ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်နှင့် ပြည်သူများသို့ ပြည်တွင်းထုတ်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် သမဝါယမအသင်းများကလည်း သမဝါယမစနစ်ကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်အတွင်း ပြည်ပသွင်းကုန် အစားထိုး ထုတ်လုပ်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိပေသည်။

**နို့ချက်စက်ရုံ ပြန်လည်လည်ပတ်နိုင်ရေး လမ်းညွှန်မှာကြား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မန္တလေးတိုင်းဒေသကြီး ခရီးစဉ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် မန္တလေးနို့ချက်စက်ရုံကို ကြည့်ရှုစစ်ဆေး၍ စက်ရုံပြန်လည်လည်ပတ်နိုင်အောင် ဆောင်ရွက်ပြီး နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်၊ ကနဦးဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့် စက်ရုံဝင်းသန့်ရှင်းရေးနှင့် ဥပမိရုပ် ကောင်းမွန်ရေး ဦးစားပေးဆောင်ရွက်ရန်၊ စက်ရုံအတွင်းပိုင်းရှိ စက်ပစ္စည်းများကို ကြံ့ခိုင်ကောင်းမွန်အောင် ပြင်ဆင်ရန်၊ လိုအပ်သည့် စက်ကိရိယာများ၊ စက်ပစ္စည်းအစိတ်အပိုင်းများကို ဖြည့်တင်း တပ်ဆင်ရန်၊ ရေလိုင်း၊ မီးလိုင်း၊ ဘွိုင်လာများ စနစ်တကျရှိရန်နှင့် ဘေးကင်းလုံခြုံမှုရှိအောင် ဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်ရာမှ ထွက်ရှိလာမည့် ရေဆိုးများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေရန်နှင့် အန္တရာယ်ကင်းရှင်းရေးအတွက် ရေဆိုးထုတ်မြောင်းကို ရေစီးရေလာကောင်းမွန်အောင် စနစ်တကျ ဆောင်ရွက်ရန်၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးပါက စီးပွားရေးတွက်ခြေကိုက်မည့် နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားရန်တို့ကို လမ်းညွှန်မှာကြားခဲ့သည်။

**မန္တလေးနို့ချက်စက်ရုံ၏ သမိုင်းကြောင်းနှင့် ထုတ်လုပ်မှုအခြေအနေ**

မန္တလေးနို့ချက်စက်ရုံသည် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရပ်တွင် တည်ရှိပြီး ၁၉၈၅ ခုနှစ် ဇန်နဝါရီလတွင် ယခင်မန္တလေးတိုင်း သမဝါယမအသင်းစုက စတင်တည်ဆောက် အကောင်အထည်ဖော်ခဲ့သည်။ ၁၉၉၂ ခုနှစ် ဇွန် ၁ ရက်မှစ၍ "မန်းနို့ဆီ"တံဆိပ်ဖြင့် စားသုံးသူများထံ နို့ဆီဘူးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ခဲ့သည်။ ၁၉၉၆ မှ ၂၀၁၆ ခုနှစ်အထိ Myanmar Dairy Industries ကုမ္ပဏီလီမိတက်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး တစ်ရက်လျှင် အများဆုံး နို့ဆီဘူးပေါင်း ၁ ဒသမ ၂ သိန်း (တန် ၅၀)မှ အနည်းဆုံး နို့ဆီဘူး ၅၅၄၀၀ (၂၂ တန်) ထုတ်လုပ်နိုင်ခဲ့သည်။ ကုန်ကြမ်းအတွက် လိုအပ်သည့် နွားနို့ကို ကျောက်ဆည်မြို့နယ်နှင့် တံတားဦးမြို့နယ်များရှိ နွားနို့အဝယ်ဒိုင်များမှ ဝယ်ယူရရှိပြီး အခြား ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်း/ပြည်ပ ဈေးကွက်များမှ ဝယ်ယူသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မန္တလေးနို့ချက်စက်ရုံ လည်ပတ်မှုကို ယာယီ ရပ်နားခဲ့သည်။



ပြန်လည် လည်ပတ်နိုင်ရန် ပြင်ဆင်နေသည့် မန္တလေးနို့ချက်စက်ရုံ။

**မန္တလေးနို့ချက်စက်ရုံကို ပြန်လည် လည်ပတ်ပြီး နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ခြင်းကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခြင်း၊ နို့စားနွား မွေးမြူသူများအနေဖြင့်လည်း ၎င်းတို့အတွက် နွားနို့ရောင်းချရန် ဈေးကွက်တစ်ခုတိုးလာပြီး ယခင်ကထက် ရောင်းအားတက်ကာ ဝင်ငွေ ပိုမိုတိုးတက်ရရှိလာခြင်း၊ သမဝါယမအသင်းများနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်သူများက စုစည်းဖြန့်ဖြူး ရောင်းချမည်ဖြစ်၍ ဈေးနှုန်းတည်ငြိမ်မှုရှိပြီး ပစ္စည်းအပေါ် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ခြင်း၊ ပြည်တွင်းဈေးကွက်တွင် ပြည်ပသွင်းကုန်များ နေရာယူထားမှုကို အထိုက်အလျောက် အစားထိုးဖြေလျှော့ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်**

**စက်ရုံ ပြန်လည်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်**

ယခုအခါ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် မန္တလေးနို့ချက်စက်ရုံ ပြန်လည်လည်ပတ် ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံသန့်ရှင်းရေးနှင့် ဥပမိရုပ်ကောင်းမွန်ရေးတို့ကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ရာ လိုအပ်သည့် စက်ပစ္စည်းအစိတ်အပိုင်းအချို့ကိုလည်း ဝယ်ယူစုစည်းထားပြီးဖြစ်သည်။ နို့ဆီဘူးထုတ်လုပ်ရာတွင် လိုအပ်သည့် အခြား စက်အစိတ်အပိုင်းများကို ပြည်တွင်း၊ ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ သွင်းကုန်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပြီး ဝယ်ယူရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

နို့ဆီထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သည့် နွားနို့ကုန်ကြမ်းရရှိရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ပုဂ္ဂလိကနှင့် သမဝါယမအသင်းများ၌ နို့စားနွား ကောင်ရေ ၄၂၄၃ ကောင် မွေးမြူထားရှိရာ နေ့စဉ် နွားနို့ကုန်ကြမ်း ပိဿာချိန် ၁၀၉၅၈ ပိဿာ ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။ စက်ပစ္စည်းများ အပြည့်အစုံရောက်ရှိပါက အမြန်ဆုံး တပ်ဆင်ပြီး ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် မန္တလေး နို့ချက်စက်ရုံကို ပြန်လည်လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**မဝေးတော့သည့် အနာဂတ်မှာ ထုတ်လုပ်တော့မည် ချိုမြိန်စရာ**

နို့ချက်စက်ရုံမှ နို့နှင့်နို့ထွက်ပစ္စည်းများ အမြန်ဆုံး ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ထားသည့် လုပ်ငန်းစဉ်များကို လုပ်ငန်းအချိန်ဇယားပါအတိုင်း တိတိကျကျဖြစ်အောင် ဆောင်ရွက်ခြင်း၊ ကုန်ကြမ်းများ ပြတ်လပ်မှုမရှိစေဘဲ လိုအပ်သည့်အချိန်တွင် လိုအပ်သလို အသုံးပြုနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားခြင်း၊ ဈေးကွက်ရရှိရေးအတွက် ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားခြင်း၊ စက်ရုံမှထွက်ရှိလာမည့် ရေဆိုးများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်အောင် ကြိုတင်စီမံဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆောင်ရွက်ထားခြင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုမရှိစေဘဲ လုပ်ရမည့် လုပ်ငန်းတာဝန်များကို အားလုံးက တက်ညီလက်ညီဖြင့် ဝိုင်းဝန်းပြီး မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြခြင်း၊ တာဝန်ရှိသူများကလည်း လိုအပ်ချက်များရှိပါက ဖြည့်ဆည်းပေးပြီး အနီးကပ်ကြပ်မတ်ခြင်း၊ လိုအပ်နေသည့် စက်အစိတ်အပိုင်းများကို ရနိုင်မည့်နည်းလမ်းများ ရှာဖွေပြီး အမြန်ရရှိအောင် ဆောင်ရွက်ခြင်းတို့ဖြင့် မန္တလေးနို့ချက်စက်ရုံကို အမြန်ပြန်လည် လည်ပတ်၍ ဈေးနှုန်းသက်သာပြီး သန့်ရှင်းသော ပြည်တွင်းထုတ် နို့ဆီဘူးများ၊ နို့နှင့် နို့ထွက်ပစ္စည်းများကို မဝေးတော့သည့်အနာဂတ်မှာ ပြည်သူများ ဝယ်ယူစားသုံးနိုင်တော့မည်ဖြစ်သည်။

**အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိ**

"စုပေါင်းလုပ်ကိုင် ဆောင်ရွက်ခြင်းသည် အောင်မြင်မှုကို ရစေသည်"ဆိုသည့် စကားသည် သမဝါယမစနစ်ကို ဖော်ညွှန်းပြဆိုခြင်းပင်ဖြစ်သည်။ ကောင်းမွန်မှန်ကန်သောအလုပ်ကို အမှန်တကယ် ကြိုးစားဆောင်ရွက် လုပ်ကိုင်လိုသည့်စိတ်များကို စုစည်းပြီး အတူတကွ စုပေါင်းဆောင်ရွက်ခြင်းဖြင့် စနစ်ကျသည့် အဖွဲ့အစည်းများ ဖြစ်ပေါ်လာမည့်အပြင် စနစ်ကျသည့် စီးပွားရေးဖော်ဆောင်မှုပုံစံကိုလည်း ရရှိလာနိုင်မည်ဟု ခိုင်မာစွာ ယုံကြည်ထားသည်။ ထို့အတွက် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်အနေဖြင့် မန္တလေးနို့ချက်စက်ရုံကို ပြန်လည်လည်ပတ်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ပြီးပါက စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

ထိုသို့ မန္တလေးနို့ချက်စက်ရုံကို ပြန်လည်လည်ပတ်ပြီး နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ခြင်းကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခြင်း၊ နို့စားနွားမွေးမြူသူများအနေဖြင့်လည်း ၎င်းတို့အတွက် နွားနို့ရောင်းချရန် ဈေးကွက်တစ်ခုတိုးလာပြီး ယခင်ကထက် ရောင်းအားတက်ကာ ဝင်ငွေပိုမိုတိုးတက်ရရှိလာခြင်း၊ သမဝါယမအသင်းများနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်သူများက စုစည်းဖြန့်ဖြူးရောင်းချမည်ဖြစ်၍ ဈေးနှုန်းတည်ငြိမ်မှုရှိပြီး ပစ္စည်းအပေါ် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ခြင်း၊ ပြည်တွင်းဈေးကွက်တွင် ပြည်ပသွင်းကုန်များ နေရာယူထားမှုကို အထိုက်အလျောက် အစားထိုးဖြေလျှော့ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

**အောင်မြင်သည့် စီးပွားရေးပန်းတိုင်ဆီသို့**

အချုပ်အားဖြင့်ဆိုရသော် အနာဂတ်တွင် ပြည်သူများ၏ဘဝ သာယာလှပရေး မျှော်မှန်းလျက် သမဝါယမက အကောင်းဆုံး ဝန်ဆောင်မှုများဖြင့် ပြည်သူ့အကျိုး သယ်ပိုးထမ်းရွက်လျက်ရှိပါသည်။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များ၊ လိုအင်ဆန္ဒများကို ဖြည့်ဆည်းနိုင်ရန် စိတ်တူ၊ ကိုယ်တူ၊ ဆန္ဒတူသူများက ပူးပေါင်းပိုင်ဆိုင်ပြီး အများဆန္ဒနှင့်အညီ ကိုယ်တိုင် စီမံခန့်ခွဲဆောင်ရွက်သည့် သမဝါယမစနစ်ကို အခြေတည်၍ တွဲလက်ညီညီ ဆောင်ရွက်ခြင်းဖြင့် အနာဂတ်တွင် အောင်မြင်သည့် စီးပွားရေးပန်းတိုင်ဆီသို့ အရောက်လှမ်းချီနိုင်ပြီး ပိုမိုကောင်းမွန်သည့် စီးပွားရေးအသိုက်အဝန်းကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

# မြန်မာပို့ကုန်လုပ်ငန်းရှင်များ တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)တွင် မှတ်ပုံတင်နိုင်ရေး အသိပေးနှိုးဆော်ချက်

တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (The General Administration of Customs of China – GACC) မှ ထုတ်ပြန်ခဲ့သည့် အမိန့်ကြေညာချက်အမှတ် (၂၄၈)၊ (၂၄၉) တို့အရ တရုတ်နိုင်ငံသည် GACC တွင် မှတ်ပုံတင်ထားသောလုပ်ငန်းများမှ စားသောက်ကုန်များကိုသာ (၁-၁-၂၀၂၂) ရက်နေ့မှစတင်၍ တရားဝင်တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

တရုတ်နိုင်ငံသို့ စားသောက်ကုန်၊ လယ်ယာထွက်ကုန်နှင့် မွေးမြူရေးထုတ်ကုန်များ တင်ပို့လျက်ရှိသော/တင်ပို့လိုသော မြန်မာနိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏လုပ်ငန်းများကို တရုတ်နိုင်ငံ(GACC)တွင် လုပ်ငန်းမှတ်ပုံတင်ခြင်းကို ကုန်သည်အသင်းအဖွဲ့များမှတစ်ဆင့်လည်းကောင်း၊ ကုမ္ပဏီများမှ တိုက်ရိုက်လည်းကောင်း ကုန်စည်အုပ်စုအလိုက် ဆက်သွယ်လျှောက်ထားမှုများကို သက်ဆိုင်ရာ (Competent Authority) များမှ တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အဆိုပါ လုပ်ငန်းများမှတ်ပုံတင်ခြင်းကို တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တွင် (၃၁-၁၂-၂၀၂၁) ရက်နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်ကြရမည်ဖြစ်သောကြောင့် မှတ်ပုံတင်ရန်ကျန်ရှိသော ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အချိန်မီ မှတ်ပုံတင်နိုင်ရေးအတွက် ကုန်ပစ္စည်းအမျိုးအစားအလိုက် အောက်ဖော်ပြပါဇယားအတိုင်း သက်ဆိုင်ရာ (Competent Authority) များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

**မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အစားအသောက် အမျိုးအစားအုပ်စုအလိုက် တင်ပို့မည့်လုပ်ငန်းများ တရုတ်နိုင်ငံ၌ မှတ်ပုံတင်နိုင်ရေးနှင့်ပတ်သက်၍ ကုန်စည်အုပ်စုအလိုက် တာဝန်ယူဆောင်ရွက်မည့် မြန်မာနိုင်ငံမှ ထောက်ခံပေးမည့် ဌာနအမည်စာရင်းနှင့်** Contact Person **အမည်အစာရင်း**

| စဉ် | ကုန်ပစ္စည်းအမျိုးအစား | ထောက်ခံချက်ပေးမည့် ဌာန<br>e.g Food and Drug Administration | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | ဖုန်းနံပါတ် | E-mail |
|---|---|---|---|---|---|
| ၁ | Edible Oil | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာပြည့်ဖြိုး ညွှန်ကြားရေးမှူး | 095161891 | gurugyi@gmail.com |
| ၂ | Oilseeds | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၃ | Stuffed Pastry Products | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၄ | Edible grains | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၅ | Grains milling industrial products and Malt | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၆ | Fresh and dehydrated vegetables | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၇ | Dried beans | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၈ | Plant spices | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၉ | Nuts and seeds | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၁၀ | Dried Fruits | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၁၁ | Unroasted coffee and cocoa bean | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၁၂ | Special Dietary Foods (Excluding milk- based infant formula) | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာပြည့်ဖြိုး ညွှန်ကြားရေးမှူး | 095161891 | gurugyi@gmail.com |
| ၁၃ | Functional foods | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာပြည့်ဖြိုး ညွှန်ကြားရေးမှူး | 095161891 | gurugyi@gmail.com |
| ၁၄ | Bee Products | မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဦးမောင်တင့် ဒုတိယ ညွှန်ကြားရေးမှူး | 09794894144<br>092174326 | komgtint1971@gmail.com |
| ၁၅ | Aquatic Products including Edible and Farmed Products | Department of Fishery, Ministry of Agriculture, Livestock and Irrigation | ဦးညွန့်ဝင်း ညွှန်ကြားရေးမှူး<br>ဒေါက်တာစုမျိုးသွယ် ဒုတိယညွှန်ကြားရေးမှူး | 09781187927<br>095081624 | nyuntwin34@gmail.com<br>smyothwe@gmail.com |
| ၁၆ | Animal Products and Animal Feed | Livestock Breeding and Veterinary Department, Ministry of Agriculture, Livestock and Irrigation | ဒေါက်တာနှင်းလဲ့စိုး ဒုတိယညွှန်ကြားရေးမှူး | 09-797711961 | nilarhninlesoe@gmail.com |
| ၁၇ | Livestock Animals | Livestock Breeding and Veterinary Department, Ministry of Agriculture, Livestock and Irrigation | ဒေါက်တာဌေးဇော်ဦး ဒုတိယညွှန်ကြားရေးမှူး | 09-2045304 | drhtayzawoo@gmail.com |
| ၁၈ | တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အစားအသောက် တင်ပို့သည့်လုပ်ငန်းများ မှတ်ပုံတင်မည့်ကိစ္စနှင့် ထောက်ခံချက်ပေးနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ (အတွင်းရေးမှူး) | မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ဒေါ်နှင်းစန္ဒာ ညွှန်ကြားရေးမှူး | 067-3-408605<br>0943034935<br>067-3-408618 | hninsandar05@gmail.com<br>myantrade.domestic@gmail.com |

**စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးရန်လိုအပ်သော ကုန်စည်အမျိုးအစား ၅၂ မျိုး စာရင်းအား အသေးစိတ်သိရှိလိုပါက https://mitc.myantrade.gov.mm တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အစားအသောက်တင်ပို့သည့်လုပ်ငန်းများ မှတ်ပုံတင်ခြင်းနှင့် ထောက်ခံချက်ပေးနိုင်ရေးလုပ်ငန်းအဖွဲ့**

# မွန်ပြည်နယ်အတွင်း မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**မော်လမြိုင် ဒီဇင်ဘာ ၁၇**

မွန်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုတင်စီမံခန့်ခွဲနိုင်ရေးအတွက် မွန်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ (၂/၂၀၂၁) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၁၆ ရက်က မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့်ကော်မတီဝင်များ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျန်းမာရေးဆိုင်ရာ ရောဂါများအပြင် ယခုအချိန်သည် ပွင့်လင်းရာသီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ ရေဘေး၊ လေဘေး အပါအဝင် အခြားသဘာဝဘေးများအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ပြောင်းရွှေ့နိုင်ရေးအတွက် နေရာများကို မြို့နယ်များအလိုက် ကြိုတင်ဆောင်ရွက်ထားကြရန်၊ သောက်သုံးရေနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ သတင်းပြန်ကြားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန် စသည်ဖြင့် မှာကြားသည်။

ထို့နောက် တက်ရောက်ကြသူများက သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက စီမံခန့်ခွဲနိုင်ရေး၊ လုံခြုံရေးဆိုင်ရာအစီအစဉ်များ ဆောင်ရွက်ထားနိုင်ရေး၊ အချိန်နှင့်တစ်ပြေးညီ သတင်းပြန်ကြားနိုင်ရေး၊ ကနဦးလိုအပ်ချက် စစ်တမ်းများကောက်ယူ၍ ပျက်စီးဆုံးရှုံးမှုနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းနိုင်ရေး ဆွေးနွေးတင်ပြမှုအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့၏ (၂/၂၀၂၁) လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

မွန်ပြည်နယ်သည် နှစ်စဉ် မိုးရေချိန်လက်မ မြင့်မားစွာ မိုးရွာသွန်းလေ့ရှိသဖြင့် ရေကြီးရေလျှံမှုများ မဖြစ်ပွားစေရေး ကြိုတင်ပြင်ဆင်ခြင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ပြောင်းရွှေ့နိုင်ရေး Cyclone Shelter များ တည်ဆောက်ထားခြင်းနှင့် ကြိုတင်သတိပေးခြင်းများအပြင် ဖြစ်ပွားပြီးလျှင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများလည်း နှစ်စဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# ခံစစ်ကစားသမား ရူဒီဂါကို ခေါ်ယူရေးတွင် နာမည်ကြီးအသင်းများနှင့်အပြိုင်ပါဝင်လာခဲ့သည့် မန်ယူ

**ရန်းနစ်ခ်အနေဖြင့် ရူဒီဂါ၏ အေးဂျင့်နှင့် ဆက်ဆံရေးကောင်းမွန်မှုရှိသည့်အတွက် ရူဒီဂါကို ခေါ်ယူရေးတွင် ပြိုင်ဘက်အသင်းများထက် လက်ဦးမှု ရရှိဖွယ်ရှိ**



ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ချယ်ဆီးအသင်းမှ ဂျာမနီခံစစ်ကစားသမား အန်တိုနီယို ရူဒီဂါကို ခေါ်ယူရေးတွင် နာမည်ကြီးအသင်းများဖြစ်သည့် ရီးရဲမက်ဒရစ်၊ ပီအက်စ်ဂျီ၊ ဘိုင်ယန်မြူးနစ်အသင်းတို့နှင့်အပြိုင် ပါဝင်လာခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မန်ယူယာယီနည်းပြ ရန်းနစ်ခ်သည် အဆိုပါ ခံစစ်ကစားသမား၏ အေးဂျင့်နှင့် ဆက်ဆံရေးကောင်းမွန်မှုရှိသည့်အတွက် ရူဒီဂါကို ခေါ်ယူရေးတွင် ပြိုင်ဘက်အသင်းများထက် လက်ဦးမှု ရရှိဖွယ်ရှိနေသည်။ အသက် ၂၈ နှစ်အရွယ် ရူဒီဂါနှင့် ချယ်ဆီးအသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ လာမည့်နှစ် နွေရာသီတွင် ကုန်ဆုံးတော့မည် ဖြစ်သည်။

ရူဒီဂါသည် တစ်ပတ်လုပ်အားခ ပေါင် ၂၀၀၀၀၀ တောင်းဆိုထားသော်လည်း ချယ်ဆီးအသင်းက ပေါင် ၁၄၀၀၀၀ သာ နောက်ဆုံးကမ်းလှမ်းထားသောကြောင့် စတန်းဖို့ဒ်ဘရစ်ခ်၌ ၎င်း၏ စာချုပ်သစ်နှင့်ပတ်သက်ပြီး ပျက်ပြယ်ဖွယ်ရှိနေခြင်း ဖြစ်သည်။ ရူဒီဂါတောင်းဆိုသည့်ပမာဏကို ရီးရဲမက်ဒရစ်အသင်းက ပေးချေဖွယ်ရှိသည့်အတွက် လာမည့်နွေရာသီတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ရီးရဲမက်ဒရစ်အသင်းအနေဖြင့် ပြိုင်ဘက် ပီအက်စ်ဂျီ၊ ဘိုင်ယန်မြူးနစ်အသင်းတို့ထက် လက်ဦးမှု ရယူဖွယ်ရှိနေကြောင်း ယခုသီတင်းပတ် အစောပိုင်းက ဖော်ပြထားသည်။

## ပရီမီယာလိဂ်တွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် ပွဲစဉ်အချို့ ရွှေ့ဆိုင်း

ပရီမီယာလိဂ်တွင် ကိုဗစ်-၁၉ ကူးစက်မှု ဖြစ်ပေါ်နေသည့်အတွက် ယခုသီတင်းပတ်တွင် ကျင်းပမည့်ပွဲစဉ်အချို့ကို ရွှေ့ဆိုင်းထားကြောင်း သိရသည်။ ကြာသပတေးနေ့ အစောပိုင်းတွင် ယှဉ်ပြိုင်ကစားမည့် မန်ယူနှင့် ဘရိုက်တန်၊ သောကြာနေ့ နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားမည့် လက်စတာနှင့် စပါးအသင်းတို့သာ ရွှေ့ဆိုင်းထားသော်လည်း ယခုအခါ စနေနေ့တွင် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များအနက် ဆောက်သမ်တန်နှင့် ဘရန့်ဖို့ဒ်၊ ဝက်ဖို့ဒ်နှင့် ပဲလေ့စ်၊ ဝက်စ်ဟမ်းနှင့် နော့ဝစ်ချ်၊ တနင်္ဂနွေနေ့တွင် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များအနက် အဲဗာတန်နှင့် လက်စတာအသင်းတို့ ပွဲစဉ်များ ပါဝင်လာခဲ့သည်။

# လီဗာပူးတို့ နယူးကာဆယ်ကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပေးဇယားဦးဆောင်သူ မန်စီးတီးကို ထက်ကြပ်မကွာဖိအားပေး



လီဗာပူးအသင်းမှ ဂျိုတာ နယူးကာဆယ်အသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

ပရီမီယာလိဂ်ပွဲစဉ် (၁၇) မှ လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းတို့ပွဲစဉ်ကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက အန်းဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လီဗာပူး အသင်းသည် ပွဲစဉ် (၁၇) အပြီးတွင် ရမှတ် ၄၀ ဖြင့် အမှတ်ပေးဇယား ဦးဆောင်သူ မန်စီးတီး အသင်းကို ထက်ကြပ်မကွာ ဖိအားပေးနိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် ဦးဆောင်ဂိုးကို နယူးကာဆယ်အသင်းက သွင်းယူနိုင်ခဲ့သော်လည်း ဂျိုတာ၊ ဆာလာ၊ အာနိုးတို့၏ သွင်းဂိုးများကြောင့် လီဗာပူးအသင်းက ဂိုးပြတ်နိုင်ပွဲ ဖော်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုပွဲစဉ်တွင် လီဗာပူးအသင်းသည် နယူးကာဆယ်အသင်းအပေါ် ဂိုးအသာ၊ ခြေအသာဖြင့် ဖိအားပေး ကစားနိုင်ခဲ့သည်။ ယခုနှစ်ရာသီတွင် ခံစစ်အဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေသည့် နယူးကာဆယ်အသင်းသည် ယခုပွဲစဉ်တွင်လည်း သုံးဂိုးခွင့်ပြုပေးခဲ့ရသည့်အတွက် ပွဲစဉ် (၁၇) အပြီးတွင် ၃၇ ဂိုးအထိ ခွင့်ပြုပေးထားရပြီး ဖြစ်သည်။

နယူးကာဆယ် အသင်းသည် ရမှတ် ၁၀ မှတ်ဖြင့်တန်းဆင်းဇုန်အတွင်း ရပ်တည်နေသည့်အတွက်လာမည့်ပွဲစဉ်များကို ရုန်းကန်ရတော့မည် ဖြစ်သည်။

အခြားသောပွဲစဉ်အဖြစ် ချယ်ဆီးအသင်းနှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

## သတင်းတိုများ

- ဂျူဗင်တပ်စ်အသင်းသည် ပီအက်စ်ဂျီအသင်းမှ အာဂျင်တီးနား တိုက်စစ်ကစားသမား အီကာဒီကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- အင်တာမီလန် တိုက်စစ်ကစားသမား ဆန်းချက်ဇ်သည် ဘာစီလိုနာအသင်းသို့ အငှားပြောင်းရွှေ့ဖွယ်ရှိသည်။
- ခံစစ်ကစားသမား ဂိုမက်ဇ်အနေဖြင့် ဇန်နဝါရီတွင် ဗီလာအသင်းသို့ ပြောင်းရွှေ့မည် မဟုတ်ကြောင်း နည်းပြ ကလော့ပ်က ပြောကြားလိုက်သည်။
- အာဆင်နယ်အသင်းသည် ဂျူဗင်တပ်စ်အသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား မယ်လိုနှင့် ဆွီဒင်တောင်ပံကစားသမား ကလူဆက်စကီးကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။

■ မိုးဇက် - စုစည်းသည်

# လာမည့်လတွင် ထရစ်ပီယာကိုခေါ်ယူနိုင်မည်ဟု ယုံကြည်နေသည့် နယူးကာဆယ်



ပရီမီယာလိဂ်ကလပ် နယူးကာဆယ်အသင်းသည် လာမည့်လတွင် စပိန်ကလပ် အက်သလက်တီကို မက်ဒရစ်အသင်းမှ အသက် ၃၁ နှစ်အရွယ် အင်္ဂလန်ခံစစ် ကစားသမား ထရစ်ပီယာကို ခေါ်ယူနိုင်လိမ့်မည်ဟု ယုံကြည်နေသည်။

နယူးကာဆယ် အသင်းသည် လာမည့်အပြောင်းအရွှေ့ကာလတွင် ခံစစ်ကို အဓိကထားပြင်ဆင်သွားရန် လုပ်ဆောင်နေပြီး အဆိုပါ ခံစစ်ကစားသမားကို ဦးစားပေး ခေါ်ယူရန် ပစ်မှတ်ထားနေခြင်း ဖြစ်သည်။ ၎င်းသည် လက်ရှိတွင် ပုခုံးဒဏ်ရာကြောင့် အနားယူနေရသူဖြစ်သော်လည်း နယူးကာဆယ်အသင်းသည် အဆိုပါ ခံစစ်ကစားသမားကို ခေါ်ယူနိုင်ရေးနှင့် ပတ်သက်ပြီး အက်သလက်တီကိုမက်ဒရစ်အသင်း တာဝန်ရှိသူများနှင့် ဆွေးနွေးလျက်ရှိနေကြောင်း သိရသည်။

ထရစ်ပီယာသည် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ယခုနှစ်ကုန်တွင် ကုန်ဆုံးတော့မည် ဖြစ်သည်။ နယူးကာဆယ်အသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ် ၁၇ ပွဲတွင် ပေးဂိုးက ၃၇ ဂိုးအထိ ခွင့်ပြုပေးထားရသည့်အတွက် ခံစစ်အဆိုးရွားဆုံးအသင်းအဖြစ် ရှိနေသည်။ ထို့ကြောင့် နယူးကာဆယ်အသင်းသည် ထရစ်ပီယာကိုခေါ်ယူကာ ခံစစ်အင်အားဖြည့်တင်းသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။



## အင်ဆစ်ဂ်နီကိုခေါ်ယူရန် စပါးနည်းပြကွန်တီ စိတ်ဝင်စား

စပါးအသင်းနည်းပြ အန်တိုနီယို ကွန်တီသည် နာပိုလီအသင်းမှ အီတလီတိုက်စစ်ကစားသမား လော်ရန်ဇို အင်ဆစ်ဂ်နီကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းသို့ ခေါ်ယူလိုနေကြောင်း သိရသည်။ အသက် ၃၀ အရွယ် အသင်းခေါင်းဆောင် အင်ဆစ်ဂ်နီနှင့် နာပိုလီ အသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၂၂ ခုနှစ် ဇွန်လတွင် ကုန်ဆုံးတော့မည် ဖြစ်သည်။ အင်ဆစ်ဂ်နီသည် နည်းပြ ကွန်တီနှင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ အီတလီအသင်းတွင် အလုပ်အတူ တွဲလုပ်ဖူးသည်။



## ဆီနက်စ်ဆီကို ခေါ်ယူရေးတွင် ဝက်စ်ဟမ်း ပါဝင်လာ

ဝက်စ်ဟမ်းအသင်းသည် နယ်သာလန်ကလပ် ဖီယင်နုအသင်းမှ အားထားရသည့် အာဂျင်တီးနား ခံစစ်ကစားသမား မားကို့စ် ဆီနက်စ်ဆီကို ခေါ်ယူရေးတွင် ရိုးမား၊ နာပိုလီအသင်းတို့နှင့်အပြိုင် ပါဝင်လာခဲ့သည်။ အသက် ၂၄ နှစ်အရွယ်ရှိ ဆီနက်စ်ဆီသည် ၂၀၁၉ ခုနှစ်တွင် အာဂျင်တီးနားကလပ် ဆန်လော်ရန်ဇိုကလပ်မှ ဖီယင်နုအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး နယ်သာလန်ကလပ်တွင် အကောင်းဆုံး ခံစစ်သမားတစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။ ၎င်းသည် ဖီယင်နုအသင်းအတွက် ၆၅ ပွဲ ကစားထားသည်။

# မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ဖျက်ဆီး



နေပြည်တော် ဒီဇင်ဘာ ၁၇

မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများဖျက်ဆီးခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ ခိုလမ်-ကျိုင်းတောင်းသွားကားလမ်းဘေး၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှမိုးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဖျက်ဆီးရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး လွိုင်လင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံစော်လှိုင်က မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၏ အမှုဖြစ်စဉ်အကျဉ်းကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး (ဝဲပုံ) မြေကျင်းထဲသို့ သွန်ချဖျက်ဆီးကြသည်။

ယခုဖျက်ဆီးခဲ့သည့် ထိန်းချုပ်ဓာတုပစ္စည်းများမှာ ဟိုက်ဒရိုကလိုရစ်အက်ဆစ် ၁၉၁၉၉ ဒသမ ၄ လီတာ၊ အက်စီတုန်း ၂၆၂၃၅ ဒသမ ၉ လီတာ၊ အီသိုင်းအက်စီတိတ် ၂၅၇၅၄ ဒသမ ၃၅ လီတာ၊ တော်လူအင်း ၃၆၇၉ ဒသမ ၄ လီတာ တို့ဖြစ်ပြီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၅၈၀၀ ကျော်ခန့်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အကြမ်းဖက်သမားများက လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများအသုံးပြု၍ စာသင်ကျောင်းများအား ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၁၇

**NUG ၊ CRPH အမည်ခံအကြမ်းဖက်အဖွဲ့များသည် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များကို အချို့နေရာများတွင် လုပ်ဆောင်လျက်ရှိသည့်အပြင် ကလေးသူငယ်များ၏ ပညာသင်ယူခွင့်ကို ဆုံးရှုံးစေရန်အတွက် ပညာသင်ကြားရေးအတွက် အခြေခံအဆောက်အအုံများဖြစ်သည့် စာသင်ကျောင်းများကို လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် ထောင်ကာ ဖောက်ခွဲခြင်း၊ ပစ်ပေါက်ခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ ပြုလုပ်ခဲ့ရာတွင် ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းရှေ့ ခြံစည်းရိုးအုတ်တံတိုင်းအနီး၌ အကြမ်းဖက်သူများက လက်လုပ်မိုင်း တစ်လုံး ဖောက်ခွဲခဲ့ရာ ခြံစည်းရိုး အုတ်တံတိုင်း ပျက်စီးခဲ့ကြောင်း သိရှိရသည်။

အလားတူ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၄)ရပ်ကွက်ရှိအမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းအနီး ပေါက်ကွဲမှုဖြစ်ပွားကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကျောင်းအနီးရှိ ရေမြောင်းအုတ်ခုံအောက်၌ ပေါက်ကွဲထားသည့် PVC ပိုက်နှင့် ဓာတ်ခဲအပိုင်းအစများ တွေ့ရှိရပြီး မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးကို ထပ်မံတွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။

ထို့အတူ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်းနှင့် တန်ဆောင်းကြီးလမ်းထောင့်ရှိ အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကျောင်းခြံစည်းရိုးအနီး၌ ပေါက်ကွဲထားသည့် PVC ပိုက်၊ ဆားကစ်ပြားနှင့် ဓာတ်ခဲအပိုင်းအစများအား တွေ့ရှိရပြီး ပေါက်ကွဲမှုကြောင့် ၎င်းနေရာအနီး ရပ်တန့်ထားသည့် မော်တော်ယာဉ်နှစ်စီး၏ လေကာမှန်များ ကွဲအက် ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ညနေ ၅ နာရီခွဲတွင် လှိုင်မြို့နယ် (၁၂)ရပ်ကွက်ရှိ လှိုင်တက္ကသိုလ် ခြံစည်းရိုးအုတ်တံတိုင်းဝင်ပေါက်အနီး၌ မသင်္ကာဖွယ် အထုပ်တစ်ထုပ် တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါအထုပ်အတွင်းမှ ဓာတ်ခဲနှစ်လုံး၊ Wifi လွှင့်စက် တစ်ခု၊ ခလုတ် တစ်ခုတို့ဖြင့် ချိတ်ဆက်ထားသည့် PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံးအား တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်မှု လုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းရှေ့ ခြံစည်းရိုးအုတ်တံတိုင်းအနီး၌ လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲမှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။



ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၉၉၈၈၃၈၃၃၊ ၀၉-၄၄၃၁၈၉၉၃၂

## ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောမြောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၄၃၅၊ ၄ လွှာ(A)နေ ဦးစန်းယုလွင် ၁၂/ကမတ(နိုင်)၀၆၄၇၂၆ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သန္တာ ၆ လမ်း၊ (စ/) ရပ်ကွက်၊ အမှတ်(၆၇၉)မြေညီထပ်နေ ဒေါ်အေးငြိမ်းသူ ၁၂/ကတတ(နိုင်)၀၂၇၅၄၁ တို့သည် ၇-၂-၂၀၁၉ရက်တွင် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ၁၆-၁၂-၂၀၂၁ရက်တွင် အကြင်လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ပေါ်၌ နှစ်ဦးသဘောတူလက်မှတ်ရေးထိုး၍ အကြင်လင် မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးငြိမ်းသူနှင့် ဦးစန်းယုလွင်တို့သည် တစ်ဦးနှင့်တစ်ဦး လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးငြိမ်းသူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေဝင်းနိုင်(LL.B)၊
အထက်တန်းရှေ့နေ(စဉ်-၃၈၈၄၁)
အမှတ်(C-1)၊ အခန်း(၃၀၁)၊ နှင်းဆီလမ်း၊ Highway-complex အိမ်ရာ၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၈၅၅၉၁၈၈၁

## ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောမြောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၄၃၅၊ ၄ လွှာ(A)နေ ဦးစန်းယုလွင် ၁၂/ကမတ(နိုင်) ၀၆၄၇၂၆ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သန္တာ ၆ လမ်း၊ (စ/) ရပ်ကွက်၊ အမှတ်(၆၇၉)မြေညီထပ်နေ ဒေါ်အေးငြိမ်းသူ ၁၂/ကတတ(နိုင်)၀၂၇၅၄၁တို့သည် ၇-၂-၂၀၁၉ရက်တွင် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ၁၆-၁၂- ၂၀၂၁ ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ပေါ်၌ နှစ်ဦးသဘောတူလက်မှတ်ရေးထိုး၍ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးစန်းယုလွင်နှင့် ဒေါ်အေးငြိမ်းသူတို့သည် တစ်ဦးနှင့်တစ်ဦး လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးစန်းယုလွင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇင်မာမြင့်(LL.B,D.B.L)၊
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၉၇)(၅-၁၂-၂၀၁၉)
အမှတ်(၃)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၈၁၂၉၄၉၈

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ထွန်းမြင့်အောင် ၈/တတက(နိုင်)၁၂၀၁၉၇၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ခင်ဦး ၈/မလန(နိုင်)၀၆၆၁၆၇၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ပတ်စ်ပို့ပျောက်

ကျွန်မ မမေဇင်ခိုင် ၈/မဘန(နိုင်)၁၅၅၃၉၂၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ပတ်စ်ပို့ပျောက်

ကျွန်မ မပန်းအိသူ ၈/ပဖန(နိုင်)၁၇၀၄၆၉၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/3146, Toyota Mark II, S/L ယာဉ်လက်ဝယ်ရှိသူ ဒေါ်မနီ ၈/ပခက(နိုင်)၃၀၃၅၀၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၉)၊ ဦးပိုင်အမှတ်(၁၁၆)၊ ၃၉x၄၀လမ်းကြား၊ ၆၆x၆၅လမ်းကြားရှိ ဗိုလ်ကြီးစိုးတင့် အမည်ပေါက် ဂရန်မြေကွက်အား ဦးစိုးတင့် KMA-၀၂၀၁၄၄ ၉/မထလ(နိုင်)၁၆၁၄၄၃က ဂရန်စာချုပ်မူရင်းမှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ သက်တမ်းတိုး၊ ဂရန်မိတ္တူ လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ကယားပြည်နယ်
## ပစ္စည်းတင်ဒါခေါ်ယူခြင်း
## (ဒုတိယအကြိမ်)

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ကယားပြည်နယ်၊ လမ်းဦးစီးဌာန၊ လွိုင်ကော်ခရိုင်၊ ဘောလခဲခရိုင်တို့မှ ဆောင်ရွက်ရမည့် လမ်း/တံတားလုပ်ငန်းများ အတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းကတ္တရာ(၆၀-၇၀)၊ (၈၀-၁၀၀)အမျိုးအစား၊ ပရိမီယမ်ဒီဇယ်ဆီ၊ ဘိလပ်မြေ၊ ခွဲကျောက်ရွယ်စုံ၊ မြစ်သဲ၊ သဲကြမ်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသောကြောင့် အောက်ဖော်ပြပါအတိုင်း ပစ္စည်းတင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၀-၁၂-၂၀၂၁ ရက် (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာရောင်းချမည့်နောက်ဆုံးရက်/အချိန်** - ၃-၁-၂၀၂၂ ရက် ညနေ ၄:၀၀ နာရီ
(ဂ) **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ၆-၁-၂၀၂၂ ရက် နံနက် ၈:၀၀ နာရီ
(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ကယားပြည်နယ် လမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များ ဝယ်ယူမည့်ပစ္စည်းစာရင်း အသေးစိတ်ကိုသိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဖုန်း-၀၈၃-၂၂၂၁၀၀၈၊ ၀၈၃-၅၀၁၀၂**

**တင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၄၅

၁။ ဦးအောင်ခိုင်သက် **နှင့်** ဦးငြိမ်းချမ်း
၂။ ဦးဘီဂုဲကူမာ(ခ)ဦးစိုးသိန်း

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ် (၅၉၇)နေ ဦးငြိမ်းချမ်း(ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၁၂ အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃ ရက်(၁၃၈၃ ခုနှစ် ပြာသိုလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုကေရီဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(RA-V)၊ ကွက်ပြင်၅၊ ဦးပိုင်အမှတ်(၃၆-ဇ)၊ မြေဧရိယာ ၀ ဒသမ ၄၅ကေရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ဝင်းဝင်းမေ ၉/မရမ(နိုင်)၀၇၈၁၀၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(RA-V)၊ ကွက်ပြင်၅၊ ဦးပိုင်အမှတ်(၃၆-ဠ)၊ မြေဧရိယာ ၀ ဒသမ ၅၀ကေရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ဝင်းဝင်းမေ ၉/မရမ(နိုင်)၀၇၈၁၀၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ် ရတနာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ကေရှိ ဒေါ်သီတာအောင် ၁၂/ဥကတ(နိုင်)၁၃၁၈၈၀(ဘ)ဦးတင်အောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၃၃၃၃၈)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၂၉/၂၀၂၁ (၂၄-၁၁-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်ယုသွင် ၉/မရမ(နိုင်)၀၀၀၄၉၈(ဘ) ဦးစန်းအောင်မှ ဒေါ်လှလှလေး ၉/ဝမန(နိုင်)၀၂၉၈၅၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

Myanmar Thilawa SEZ Holding Public Co.,Ltd မှ အစုရှယ်ယာထည့်ဝင်ထားသော ကျွန်မ မအေးမဇွန်၏ အစုရှယ်ယာ သက်သေခံလက်မှတ် IDNo.၁၂၀၆၅ မှာ ၁၃-၁၂-၂၀၂၁ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဒေါ်အေးမဇွန်**
**ဖုန်း-၀၉-၇၂၉၉၉၃၀၇**

## အိတ်ဖွင့်တင်ဒါယှဉ်ပြိုင်မည့်ရက် ကြော်ငြာခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနပိုင် ရောဝတီတိုင်းဒေသကြီးရှိ သိုလှောင်ရုံ ၁၁ လုံး၊ ဝန်ထမ်းအိမ်ရာ ၅ လုံး၊ ဓာတ်ခွဲခန်း ၁ လုံး၊ မီးစက် ၁ လုံး၊ ခြံစည်းရိုး ၁၂၅၅' တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (မြေမပါ) ထုခွဲရောင်းချခြင်းကို ၂၃-၁၂-၂၀၂၁ ရက်တွင် တင်ဒါယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ၁၅-၁၂-၂၀၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခဲ့ခြင်းအပေါ် တင်ဒါယှဉ်ပြိုင်မည့်ရက်အား ၃၀-၁၂-၂၀၂၁ ရက်သို့ ရွှေ့ဆိုင်းကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ဒလမြို့နယ်၊ တံတားချောင်းကျေးရွာအုပ်စု ၊ တံတားချောင်းကျေးရွာ၊ ကွင်းအမှတ်(၂၁၈)၊ ကွင်းအမည်-တံတားချောင်းကွင်း၊ ဦးပိုင်အမှတ် (၆၇)၊ အကျယ်အဝန်း (၅.၂၉) ဧကရှိ ဦးစိန်မြင့် (၁၂/တမန(နိုင်)၁၉၆၆၃၃) အမည်ပေါက် ပုံစံ ၇၊ ၁၀၅ အမည်ပေါက် လယ်မြေကွက်ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မီမီ(ခ) ဒေါ်သီဂီထွန်း(၁၂/ဗဟန(နိုင်) ၀၄၆၇၇၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) |
| Hein Htet San Law Firm | ၀၉ ၅၅၀၆၁၄၆၊ ၀၉ ၉၇၆၄၉၂၀၀၃ |

## မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်၊ ရပ်ကွက်(၂)တွင်နေထိုင်သော ဦးအောင်ကျော်မြင့် ၉/မတရ(နိုင်)၀၄၂၇၂၂၏သမီး မထက်ထက်အောင် ၁၃/ကခန(နိုင်)၀၉၅၁၃၉၏ မွေးသက္ကရာဇ် အမှန်မှာ ၁၂-၁-၂၀၀၂ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်မှန်

ကျောက်မဲမြို့၊ အထက(ခွဲ)၊ အလက(၃)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဉာဏ်လင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဖြစ်ပြီး မွေးသက္ကရာဇ်မှန်မှာ ၁-၁၀-၂၀၀၄ဖြစ်ပါကြောင်း။

**ဦးသန်းဇော်**

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အထက သရက်ကုန်းစာဖြူစု၊ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်မြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးထွေးကြည် ၇/သဝတ(နိုင်)၀၄၅၅၄၅ ဖြစ်ပါကြောင်း။

**ဦးထွေးကြည်**

## အမည်မှန်

သာယာဝတီမြို့နယ်၊ အထက သရက်ကုန်းစာဖြူစု၊ တက္ကသိုလ်ဝင်တန်းမှ မသဲတုန်အောင်၏ အမည်မှန်မှာ မသဲတုံအောင် ဖြစ်ပါကြောင်း။

**မသဲတုံအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၉၇၁၈၈၊ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးလှမိုး ၇/တငန(နိုင်) ၀၃၃၈၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (နေပြည်တော်ရုံး)**

## ပျောက်ဆုံးကြောင်း

Global Aesthetic Group Co.,Ltd ၏ Custom ID Order

1001-2562-7450
1001-2134-6031
1001-2869-3822
1001-3203-8161
1001-3636-5710
1001-3934-7120
1001-2802-9850
1001-4956-4100
1001-5142-3520

ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၅၈၈၆၆၁၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/12646, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/စီ)ရပ်ကွက်၊ ကျွန်းရွှေမြိုင်(၁၁)လမ်း၊ အမှတ်(၇၄၀)ရှိ ဦးသောင်းငွေ ၁၂/ပဘတ(နိုင်)၁၀၆၆၂၉(LPN-011236) အမည်ပေါက်(၄၀x၆၀)ပေ၏ ခြေရင်းဘက် (၂၀x၆၀)ပေ၊ နှစ်(၆၀)ဂရန်မြေကွက်မိတ္တူနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ပိုင်ဆိုင်ထားသူ ဒေါ်ညိုညိုအေး ၁၂/ဥကတ(နိုင်)၁၆၀၈၅၄နှင့် ဒေါ်ခိုင်မင်းမင်းစိုး ၁၂/ဥကတ(နိုင်)၁၅၉၇၃၂တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငုဝါထွန်း ၁၂/သဃက(နိုင်)၁၆၇၂၉၇သည် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိသူ မည်သူမဆို ကျွန်ုပ်ထံစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေဇင်ဝင်းမြင့်(စဉ်-၁၂၈၄၄/၂၉-၆-၂၀၁၇)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၅၀၆၊ ခတ္တာလမ်း၊ (၁၀၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၅၂၈၂၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ကေရှိ ဒေါ်မြင့်မြင့်ဝေ ၅/ခဥန(နိုင်) ၀၃၆၉၀၃ (ဘ) ဦးလှမောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၃၀၈၈)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၂၁၃၀/၂၀၂၁(၂၄-၁၁-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်ယုသွင် ၉/မရမ(နိုင်)၀၀၀၄၉၈ (ဘ) ဦးစန်းအောင်မှ ဒေါ်လှလှလေး ၉/ဝမန(နိုင်)၀၂၉၈၅၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ကေရှိ ဒေါ်သင်းသင်းဆွေ ၆/ကသန(နိုင်)၀၀၄၇၇၇ (ဘ) ဦးသိန်းနိုင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၃၃၀၇၇)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၂၁၆၆/၂၀၂၁(၂၆-၁၁-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်ယုသွင် ၉/မရမ(နိုင်)၀၀၀၄၉၈(ဘ) ဦးစန်းအောင်မှ ဒေါ်လှလှလေး ၉/ဝမန(နိုင်)၀၂၉၈၅၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ကေရှိ ဦးမောင်မောင်နိုင် ၉/ပမန(နိုင်)၁၈၆၈၂၃(ဘ)ဦးမြင့်လွင် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၃၂၉၇၅)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၃၁/၂၀၂၁ (၂၄-၁၁-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်ယုသွင် ၉/မရမ(နိုင်)၀၀၀၄၉၈(ဘ)ဦးစန်းအောင်မှ ဒေါ်လှလှလေး ၉/ဝမန(နိုင်)၀၂၉၈၅၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ အထက(၄)၊ ဒသမတန်း(A₇)မှ မအေးမြတ်မြတ်မွန် ၁/မကန(နိုင်)၂၇၆၆၈၇၏ဖခင် ဦးမောင်ငွေး(ခ)ဦးငွေးလွင် ၁/မကန(နိုင်)၁၄၆၉၃၈သည် တစ်ဦးတည်းဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ အိမ်အမှတ်(၄/၁၁၅)နေ မနန္ဒာအောင် ၁/မကန(နိုင်)၁၇၉၁၃၄၊ မခင်နန္ဒာလှိုင် ၁/မကန(နိုင်)၂၀၂၁၁၅၊ မဇာဇာစိုး ၁/မကန(နိုင်) ၂၆၆၆၅၈တို့၏ ဖခင်ဦးမောင်ငွေး(ခ)ဦးငွေးလွင် ၁/မကန(နိုင်)၁၄၆၉၃၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်နေ ဒေါ်ဝဒမ်းခေါင်ခေါ် ၁/ပတအ(နိုင်) ၀၂၂၀၁၏သမီး မတင်မာဦး၁/မကန(နိုင်)၁၈၂၁၇သည် မိခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေး မည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝဒမ်းခေါင်ခေါ်**

## ပတ်စ်ပို့ပျောက်

ကျွန်မ မခေါင်ညွယ် ၁/မကန(နိုင်) ၁၇၇၃၆၂၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၃၃၂၃၃၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ် (၆၂၅)၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်(၄၄)ရပ်ကွက်၊ အမည်ပေါက် ဒေါ်အုန်းမြင့် အမှတ်(၄၂)၊ ဗိုလ်လကျ်ာလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ၁၂/ဗဟန(နိုင်)၀၆၀၄၀၀၊ ဂရန်မြေအမျိုးအစား ၄၀'x၆၀'၊ ၀ ဒသမ ၀၅၅ ကေကို အမည်ပေါက်ဒေါ်အုန်းမြင့်မှ ရောင်းလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်မ ဒေါ်လှလှရီ အမှတ်(၆၀)၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ် ၁၃/လရန(နိုင်)၀၆၉၉၁၁ မှ ယင်းမြေကွက်အား ဝယ်ယူရန် သဘောတူညီခဲ့ပါသည်။ ယင်းသဘောတူညီချက်အရ ကျွန်မ ဒေါ်လှလှရီမှ ယင်းမြေကွက်အား စရန်တစ်စိတ်တစ်ဒေသအား ချထားပါသည်။ ထို့ကြောင့် ယင်းမြေကွက်နှင့် ပတ်သက်သောသူများသည် စာရွက်စာတမ်းအပြည့်အစုံဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသောကြောင့် ကြော်ငြာအပ်ပါသည်။

**ဒေါ်လှလှရီ**
**၁၃/လရန(နိုင်)၀၆၉၉၁၁**
**အမှတ်(၆၀)၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်**
**ဖုန်း-၀၉-၄၄၃၂၂၃၂၅၁**

## ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၇၇ရပ်ကွက်၊ အမှတ် (၁၁၃၇) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ်(၁၁၃၇)၊ မြေဧရိယာ (ပေ၄၀xပေ၆၀)အကျယ်အဝန်းရှိ ပါမစ်မြေ၊ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးလှတင်(EC-014263) အမည်ပေါက် လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဆက်စပ်စာချုပ်အရ လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်သောင်းသောင်းအေး ၁၂/ဥကမ(နိုင်)၁၀၉၅၈၈မှ အရှုပ်အရှင်းကင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့ကြေညာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ မူရင်းအထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းယုယုအောင်(LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၉၆၅)**
**NY(Myanmar) Legal Consultant Service Company Limited**
**အမှတ်(၈/၃၀၃)၊ အောင်ချမ်းသာအိမ်ရာ၊ အရှေ့ရွှေဂုံတိုင်လမ်းမကြီး၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၇၇၂၂၀၀၄၀၊ ၀၉-၂၆၁၄၈၀၀၅၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့၊ မြေကွက်အမှတ်(၅၃-အေ)၊ မြန်မာနန်း၊ ဦးပိုင်အမှတ်(၆၆၂၊ ၆၆၁)၊ နှစ်ကွက်စုစုပေါင်း မြေဧရိယာ ၀ ဒသမ ၁၆၆ကေ အကျယ်ရှိ မြေကွက်သည် မြဝတီမြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းမှတ်တမ်းတွင် ဦးမောင်မောင်အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ဆောက်လုပ်ဆဲနှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်မြင့်မြင့်ခိုင် ၃/ကကရ(နိုင်) ၀၄၆၃၆၃ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြင့် ၁၀/မလမ(နိုင်)၁၅၃၁၈၇က ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စန်း (တရားလွှတ်တော်ရှေ့နေ) ဒေါ်ဇာဇာမွန် (အထက်တန်းရှေ့နေ)**
**အိမ်အမှတ် ဏ/၈၀၊ မနော်ဟရီလမ်း၊ အမှတ်(၅)ရပ်ကွက်၊ မြဝတီမြို့၊**
**ဖုန်း-၀၅၈-၅၀၁၆၇၊ ၀၉-၇၈၄၅၃၇၅၆၃၊ ၀၉-၈၉၈၆၅၂၈၉၄**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း
## အကြောင်းကြားစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)
### မိုးညှင်းခရိုင်တရားရုံးတော်
### ၂၀၂၁ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၇

**ကွယ်လွန်သူ ဦးတင်လင်း၌ ကျန်ရစ်သောပစ္စည်းအကြောင်း။**

**ဒေါ်ဝါဝါကြွယ်** **လျှောက်သူ**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ ဟောင်းပါးကျေးရွာအုပ်စု၊ ရွှေတောင်ကျော်ကျေးရွာရပ်နေ ဒေါ်ဝါဝါကြွယ်က ကွယ်လွန်သူ ဦးတင်လင်း၏ဇနီးဖြစ်သည်ဟူ၍ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ ဟောင်းပါးကျေးရွာအုပ်စု၊ ရွှေတောင်ကျော်ကျေးရွာရပ်နေ ၎င်းကွယ်လွန်သူ ဦးတင်လင်းမှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးတင်လင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် (၁၃၈၃ ခုနှစ် နတ်တော်လပြည့်ကျော် ၉ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်ဝါဝါကြွယ်၏လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်အေးအေးလင်း)**
**ခရိုင်တရားသူကြီး**
**မိုးညှင်းခရိုင်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း
## စည်သူ ဗိုလ်ကလေးတင့်အောင်

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ဂီတအစည်းအရုံး၏နာယက**
**မြန်မာ့ရုပ်ရှင်တစ်သက်တာဆုရှင်၊ အမျိုးသားစာပေဆုရှင်**
**လူမှုထူးချွန် (ပထမဆင့်)၊ ဝိဇ္ဇာထူးချွန် (ပထမဆင့်)**
**အသက် (၁၀၀) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ဓမ္မဒါန လမ်း၊ မေတ္တာရိပ်မွန်အိမ်ရာနေ (ဒေါ်ခင်ရီ)၏ ခင်ပွန်း စည်သူ ဗိုလ်ကလေးတင့်အောင်သည် ရန်ကုန်မြို့ SSC အထူးကုဆေးရုံတွင် ၁၆-၁၂-၂၀၂၁ရက် (ကြာသပတေးနေ့) ည ၁၁နာရီခန့်၌ ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း
## စည်သူ ဗိုလ်ကလေးတင့်အောင်

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ဂီတအစည်းအရုံး၏ နာယက**
**အသက် (၁၀၀) နှစ်**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ဂီတအစည်းအရုံး၏နာယက စည်သူ ဗိုလ်ကလေးတင့်အောင် သည် ၁၆-၁၂-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း**
**ဒုတိယဝန်ကြီးများနှင့် ဝန်ထမ်းမိသားစုများ**
**ပြန်ကြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## စည်သူ ဗိုလ်ကလေးတင့်အောင်

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ဂီတအစည်းအရုံး၏ နာယက**
**အသက် (၁၀၀) နှစ်**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ဂီတအစည်းအရုံး၏နာယက စည်သူ ဗိုလ်ကလေးတင့်အောင် သည် ၁၆-၁၂-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## အများသိစေရန်

၁။ တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အမှတ်(၅)ရပ်ကွက်၊ နယ်မြေ(၄)၊ ကွင်းအမှတ် (၃၃-က)၊ နောင်အင်ဘုန်းကြီးကျောင်းအရှေ့ ကွင်း၊ ဦးပိုင်အမှတ်(၆)၊ မြေအမျိုးအစား (မြို့မြေ)၊ ဧရိယာ ၀ဒသမ ၁၁၀ ဧကရှိ ဦးလှိုင်မြင့် ၁၂/ဒဂန(နိုင်)၀၁၂၉၄၂ အမည်ဖြင့် ပိုင်ဆိုင်သည့် အိမ်/ခြံမြေကွက်ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါအိမ်ခြံမြေကွက်၏ အိမ်ဂရန်မူရင်းနှင့်တကွ ယင်းအိမ်/ခြံမြေ ကွက်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်း မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာ ရုံးအသီးသီးတွင် စာရွက်စာတမ်းများအား ဥပဒေနှင့်အညီ ပြန်လည်ထုတ်ယူသွားမည် ဖြစ်ပါကြောင်းနှင့် ကန့်ကွက်မည်ဆိုပါက စာရွက်စာတမ်း အပြည့်အစုံဖြင့် ခုနစ်ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးလှိုင်မြင့်၊ ဖုန်း-၀၉-၉၆၀၈၆၈၈၉၈**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆောင်းသန္တာမောင် ၃/ဘအန(နိုင်)၄၃၁၅၂၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေမှာ ငွေကြေးလိမ်လည်ခြင်းခံရပြီး အခက်အခဲရှိနေ၍ အဆင်မပြေသေးသဖြင့် ပေးစရာရှိသူများအား အဆင်ပြေသလို ပေးဆောင်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေအားထိခိုက်နစ်နာစေမည်ကို သိလျက်နှင့် အသရေပျက်စေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာပေါ်တွင်လည်းကောင်း၊ ပြင်ပ၌လည်းကောင်း မဟုတ်မမှန် လုပ်ကြံဖန်တီးရေးသား ပြောဆိုခြင်း၊ ကြောက်လန့်အောင်ခြိမ်းခြောက်ခြင်း၊ အတင်းအကျပ်စာချုပ်ချုပ်ဆိုစေခြင်း၊ မိသားစုပိုင် အလုပ်များတွင် နှောင့်ယှက်ခြင်း၊ နေအိမ်သို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ထိုသို့ ပြုလုပ်သူများကို တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစောပြည့်ဖြိုးစံ(LL.B)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၀၀၆၂)**
**အမှတ် (၄/ ၅၆၂)၊ သရဖီလမ်း၊ အမှတ် (၄)ရပ်ကွက်၊ ဘားအံမြို့၊ ဖုန်း-၀၉-၄၂၅၀၀၂၅၆၆**

## သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း

သရက်မြို့၊ ဇော်ဂျီရပ်၊ ကိုးပင်အုပ်စုနေ ဦးကျော်မင်း ၈/သရန(နိုင်)၀၉၃၈၉၃ နှင့် မိုင်ဝသုဏ်ဦး ၈/ သရန(နိုင်)၀၄၈၄၄၇ တို့၏သားကြီး မောင်ထွန်းထက်အောင်သည် မိဘ၏ ပြောဆိုဆုံးမမှုကို မနာခံသည့်အတွက် ယနေ့မှစ၍ အမွေစား အမွေခံအဖြစ်မှ အပြီးစွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။

**မိဘ-ဦးကျော်မင်း၊**
**မိုင်ဝသုဏ်ဦး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ အကွက်အမှတ် (RA-VI/ကွက်ပြင်)၊ ဦးပိုင်အမှတ် (၈-ဃ/၁၀)၊ မြေယာအမှတ် (61/282)၊ မြေဧရိယာ (၀ဒသမ၁၁၀)ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးခင်မောင်အေး ၁၀/စတန(နိုင်)၀၀၆၂၄၀မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ဗိုလ်ကလေးတင့်အောင်
## ဂီတစာဆို၊ ရုပ်ရှင်ပြဇာတ် ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာ၊ စာရေးဆရာ
**အသက် (၁၀၀) နှစ်**

(ဦးဘသင်-ဒေါ်ဖွားသိန်း)တို့၏သား၊ (ဒေါ်ခင်ရီ)၏ခင်ပွန်း၊ ဒေါက်တာ အောင်သစ်လွင်-ဒေါက်တာ ခင်ခင်ရီ၊ ဦးအောင်ချို လွင်၊ ဒေါ်စိုးစိုးတင့်၊ (ဒေါက်တာ ချမ်းသာ)-ဒေါက်တာ စုစုတင့်တို့၏ဖခင်၊ ကိုဉာဏ်ဗိုလ်ဗိုလ်၊ ကိုမင်းသစ်အောင်၊ မငြိမ်းအေးစံ၊ ဒေါက်တာ သော်အေးချမ်း၊ ဒေါက်တာ အောင်အေးချမ်းတို့၏အဘိုး ဗိုလ်ကလေးတင့်အောင်သည် ၁၆-၁၂-၂၀၂၁ရက် ည ၁၁ နာရီတွင် SSC ရွှေဂုံတိုင်ဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၈-၁၂-၂၀၂၁ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားပါသည်။

**ကျန်ရစ်သူမိသားစု**

## ဗိုလ်ကလေးတင့်အောင်
## ဂီတစာဆို၊ ရုပ်ရှင်ပြဇာတ် ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာ၊ စာရေးဆရာ
**အသက်(၁၀၀)နှစ်**

ရန်ကုန်မြို့နေ(ဦးအောင်မြင့်-ဒေါ်ထားရှင်)တို့၏ညီ၊ (ဒေါ်ထားကြည်)၊ (ဂီတလုလင် ဦးကိုကို-ဒေါ်စန်းစန်းမြင့်)၊ (ဦးညို မှိုင်း)-ဒေါ်မမ၊ (ဦးနေလ-ဒေါ်မိမိ)တို့၏ အစ်ကို ဗိုလ်ကလေးတင့်အောင် သည် ၁၆-၁၂-၂၀၂၁ ရက် ည ၁၁ နာရီတွင် SSC ရွှေဂုံတိုင်ဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၈-၁၂-၂၀၂၁ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါက်တာ ဒေါ်မြင့်မြင့်တင်
## (အလုံမြို့နယ် ဆရာဝန်ကြီး အငြိမ်းစား)
**အသက် (၈၇)နှစ်**

ရန်ကုန်မြို့၊ (၇)ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်းနေ (ဦးကွမ်းရင်-ဒေါ်သန်းရင်)တို့၏သမီး၊ (ဒေါက်တာ ဦးမြင့်သိန်း-အငြိမ်းစားမျက်စိဆရာဝန်ကြီး)၏ဇနီး၊ ဒေါက်တာ ကျော်ဆန်း-ဒေါက်တာ သင်းသင်းနွယ်၊ Capt အောင်လင်း-သန္တာမြင့်၊ ဒေါက်တာ သူရလင်း-ဒေါက်တာ အိအိထွေးတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး ခြောက်ယောက်တို့၏ အဘွားသည် ၄-၁၂-၂၀၂၁ရက် နံနက် ၆:၄၅နာရီတွင် (၉၆)ပါး သောရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၁၂-၂၀၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၇) ဦးဘရန်ထွယ် ကန့်ကွက်တွင် မြေငှားဂရန် သစ်အစား အမည်ပြောင်းမြေငှားဂရန်သစ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ နယ်မြေ(၁၄)၊ ရန်ဝေးလမ်းနေ ကွင်းအမှတ် (၁၆/၃၁)၊ မြေကွက်အမှတ် (၄၀၃) နေ ဒေါ်လဲ့လဲ့ဝင်း ၉/မထလ(နိုင်)၂၅၀၀၀၉ မှ (အလျား ၃၂'၀"x အနံ ၂၅'၀") RC (၂) ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော အထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**ကရင်ပြည်နယ်တရားလွှတ်တော်**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၁ နှင့် ဆက်နွယ်သည့် ၂၀၂၁ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁**

မင်းပဒုမ္မာကုမ္ပဏီလီမိတက် နှင့် ဦးစောဆန်းတင်
(ဒေါ်ခင်စန်းရီ၊ အုပ်ချုပ်မှုဒါရိုက်တာ)
ဒီကရီအနိုင်ရသူ တရားရှုံး

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ မဟာစည်လမ်းနေ တရားရှုံး ဦးစောဆန်းတင် (ယခုနေရပ်လိပ်စာမသိသူ) သိစေ ရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၁ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ မင်းပဒုမ္မာကုမ္ပဏီလီမိတက် (ဒေါ်ခင်စန်းရီ၊ အုပ်ချုပ်မှုဒါရိုက်တာ)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက် (၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းဌေးညွန့်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ကရင်ပြည်နယ်တရားလွှတ်တော်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုရဲမှူးကြီး ချစ်ကိုကို(ငြိမ်း)
**အသက်(၉၇)နှစ်**

ဗိုလ်ကြီးအေးကိုကို(ငြိမ်း)-ဒေါ်ကေသွယ်နိုင်တို့၏ ဖခင်ကြီး ဒုရဲမှူးကြီး ချစ်ကိုကို (ငြိမ်း)သည် ၁၆-၁၂-၂၀၂၁ရက် တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)**
**အရာရှိများနှင့် မိသားစုများ**

## ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျော်ကြည်(မြိတ်)
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်း၊ (၁၁) ရပ်ကွက်၊ အမှတ် ၃၃၈နေ (ဦးရှိန်ကြည်)၏ဇနီး၊ (ဦးဘွန်နား-ဒေါ်ကျင်အင်)တို့၏ သမီးထွေး၊ ဒေါ်ဆွေဆွေအေး၊ ဦးကျော်စိုးရှိန်၊ ဒေါ်နီနီရှိန်-ဦးကျော်သိန်းလွင်၊(ဦးကျော်မင်းရှိန်)၊ ဒေါ်မြတ်မြတ်ရှိန်-ဦးမင်းသန့်တို့၏ကျေးဇူးရှင် မိခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၁၇-၁၂-၂၀၂၁ရက် (သောကြာနေ့) တွင် မြောက်ဒဂုံနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၂၁ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးသန်းအေး
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန**
**အသက် (၇၆)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၇၂ A/၁၆)၊ Good Morning အိမ်ရာ၊ ဦးဘကျော်လမ်း၊ တာမွေမြို့နယ်နေ (ဦးရွှေသွား-ဒေါ်အေးကျင်)တို့၏သား၊ (ဦးကြည်ဝင်း-ဒေါ်စုခင်)တို့၏သားသမက်၊ (ဒေါ်မြင့်မြင့်မာ)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြင့်မွန်အေး (ခေတ္တ-စင်ကာပူ)၊ ဦးလူဟန်-ဒေါ်သက်မွန်အေး(ခေတ္တ-စင်ကာပူ)၊ (ဦးနေလွင်အေး)-ဒေါ်ကေဇင် (ခေတ္တ-စင်ကာပူ)တို့၏ ချစ်လှစွာသော ဖခင်၊ ဒေါ်ကျင်ချစ်-(ဦးမောင်မောင်တင်)တို့၏မောင်၊ မောင်ဖွဲ့ဟိန်းထက် (Dexter)၊ မောင်ဖွဲ့ညီသန့် (Ethan)တို့၏ ချစ်လှစွာသောအဘိုး ဦးသန်းအေးသည် ၁၇-၁၂-၂၀၂၁ရက်(သောကြာနေ့) စင်ကာပူစံတော်ချိန် နံနက် ၅:၃၁ နာရီတွင် စင်ကာပူနိုင်ငံ (Mount Elizabeth)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၂၁ရက် စင်ကာပူစံတော်ချိန် နံနက် ၉:၂၅နာရီတွင် စင်ကာပူနိုင်ငံ Mandai Crematorium ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ကျန်ရစ်သူမိသားစုမှ ညှိုးငယ်စွာအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ အမှတ်(၇၂ A/၁၆)၊ Good Morning အိမ်ရာ၊ ဦးဘကျော်လမ်း၊ တာမွေမြို့နယ်နေ (ဦးရွှေသွား-ဒေါ်အေးကျင်)တို့၏သား၊ (ဦးကြည်ဝင်း-ဒေါ်စုခင်)တို့၏ သားသမက်၊ (ဒေါ်မြင့်မြင့်မာ)၏ချစ်လှစွာသောခင်ပွန်း ဦးသန်းအေး (အသက် ၇၆ နှစ်)သည် ၁၇-၁၂-၂၀၂၁ရက် နံနက် ၅:၃၁နာရီ တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျန်ရစ်သူ မောင်နှမများ**
**(ဦးအောင်မျိုးဝင်း)-ဒေါ်ခင်ခင်ငွေ**
**ဦးဇော်မင်းဝင်း-ဒေါ်သန်းသန်းငွေ**
**(ဦးထိန်ဝင်း)-ဒေါ်ခင်ဖုန်းမြင့်ကြူ**
**ဦးဝဏ္ဏကျော်-ဒေါ်စုစုဝင်း**
**နှင့် တူ/တူမ (၅)ဦး**

## ပတ်စ်ပို့ပျောက်

ကျွန်မ မခင်မာဝင်း ၈/မဘန(နိုင်) ၁၂၂၈၃၂၂၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မထွေးနုဝေ ၈/မဘန(နိုင်) ၁၆၃၁၉၀၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထက်အောင်ယံ ၈/ မဘန(နိုင်)၁၃၀၃၆၄၏ နိုင်ငံကူး လက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၁၈၃၈၈၂**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၁) အေးသာယာ၊ Grade- 8မှ မောင်ဟိန်းမင်းထွဋ်၏ ဖခင်အမည်မှန်မှာ ဦးအေးလွင် ၉/မထလ(နိုင်)၁၉၆၈၂၇ ဖြစ်ပါကြောင်း။

**ဦးအေးလွင်**

## ဖခင်အမည်မှန်

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ အထက(ခွဲ၊ရေချမ်း) တက္ကသိုလ်ဝင်တန်းမှ မအိအိအေး၏ ဖခင် အမည်မှန်မှာ ဦးပြုံးအောင် ၁၃/ ရငန(နိုင်)၀၀၇၃၅၀ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ညောင်ရွှေမြို့၊ အထက(ခွဲ၊ နန်းတက်) ဒသမတန်းမှ နန်းစိန်အောင်၏ ဖခင်အမည်မှန်မှာ ဦးပဲ ၁၃/ ညရန(နိုင်) ၀၆၇၃၉၂ ဖြစ်ပါကြောင်း။

**ဦးပဲ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် FF/8991, TOYOTA PROBOX N905, S/W ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၁၂/တကန(နိုင်)၀၉၅၅၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/2222 , GML SIERRA 3500, P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယုသန္တာမြင့် ၁၂/စခန(နိုင်)၀၇၄၁၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါကခိုင်လုံသောအထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# လွတ်လပ်ရေး အချုပ်အခြာအာဏာကို တန်ဖိုးထား လေးစားထက်သန်သည့်စိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းနိုင်စေမည့် စိတ်ဓာတ်များ ထက်သန်ကိန်းဝပ်နေစေရန် ဆောင်ရွက်ပေးကြရမည်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၇

၂၀၂၂ ခုနှစ် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✻



(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။

# မြန်မာနိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်ချမှတ်သည့် အဆိုကို ထပ်လောင်းကန့်ကွက်

**ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီတွင် "မြန်မာနိုင်ငံရှိ "ရိုဟင်ဂျာ" ဆိုသူ မွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ" ဟု ခေါင်းစဉ်တပ်ထားသည့် ဆုံးဖြတ်ချက်အဆိုကို အတည်ပြုခဲ့သည့်အပေါ် မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်**

ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီတွင် "မြန်မာနိုင်ငံရှိ "ရိုဟင်ဂျာ" ဆိုသူ မွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ" ဟု ခေါင်းစဉ်တပ်ထားသည့် ဆုံးဖြတ်ချက်အဆိုကို အတည်ပြုခဲ့သည့်အပေါ် လုံးဝပယ်ချကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ၁၉-၁၁-၂၀၂၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့မှုကို ပြန်လည်ရည်ညွှန်းအပ်သည်။ ၁၆-၁၂-၂၀၂၁ ရက်တွင် ကျင်းပခဲ့သည့် (၇၆)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ မျက်နှာစုံညီအစည်းအဝေးတွင် ယင်းဆုံးဖြတ်ချက်အဆိုကို အတည်ပြုခဲ့သည့်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက ထပ်လောင်းကန့်ကွက်သည်။

မြန်မာနိုင်ငံအနေဖြင့် ယင်းအဆိုမူကြမ်းကိုမဲခွဲရန် တောင်းဆိုလေ့ရှိခဲ့သော်လည်း ယခုနှစ်တွင် မဲမခွဲဘဲ အတည်ပြုခဲ့ခြင်းမှာ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်းခံထားရပြီး နိုင်ငံတော်သစ္စာဖောက်ဖျက်မှုဖြင့်

စာမျက်နှာ ၈ ကော်လံ ၁ ❖

**ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်အရ မျိုးရိုးဗီဇအစီအစဉ် (Genome Sequencing) တွေ့ရှိရမှုများနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း**

နေပြည်တော် (၁၇-၁၂-၂၀၂၁) ရက်နေ့

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာနတို့ အနေဖြင့် တပ်မတော်ဆေးသုတေသနတပ်နှင့် ပူးပေါင်း၍ "ကိုဗစ်-၁၉ ရောဂါမျိုးရိုးဗီဇပြောင်း ရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်အဖြစ်

စာမျက်နှာ ၈ ကော်လံ ၅ ✪

**ယနေ့ သတင်း အညွှန်း**

**သာစည်မြို့နယ်နှင့် နွားထိုးကြီးမြို့နယ်တို့တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် Stay at home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်**

ပြည်တွင်းသတင်း စာ - ၈

**တန့်ဆည်မြို့နယ်၌ PDF အကြမ်းဖက်လက်နက်ကိုင်များ၏ ရက်စက်စွာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ မီးရှို့ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး လေးဦးတို့ သေဆုံးခဲ့ပြီး နေအိမ်တစ်လုံး မီးလောင်ပျက်စီး**

ပြည်တွင်းသတင်း စာ - ၁၆